
www.burmeseclassic.com



www.burmeseclassic.com

# မအိုစာ

## ကျောက်ကြီးမောင်နမ

ထုတ်ဝေသူ – ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း)
(မြ-၀၉၃၂) ရဲအောင်စာပေတိုက်
အမှတ် (၂)၊ ချွန်းလမ်း (၁)၊
မင်္ဂလာတောင်ညွန့်မြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးဖေမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်)
(၁၂၉၉)၊ အောင်သုခ ၂၇–လမ်း၊
၆–ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။
ထုတ်ဝေခြင်း – ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀ ကျပ်
ဖြန့်ချိရေး – ရွှေမင်းသမီးစာပေ၊
ဖုန်း – ၀၉၄၃၀၃၃၁၅၂၊ ၀၁–၄၀၀၆၇၄

၈၉၅–၈၃
မအိုစာ
ကျောက်ကြီးမောင်နမ/မအိုစာ–ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၄
၁၉၂ စာ၊ ၁၃.၂၁ × ၂၀.၈၃ စင်တီ။
(၁) ကျောက်ကြီးမောင်နမ



## ထွက်ရှိပြီးစာအုပ်များ

၁။ ခေါ်စာပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုဏ္ဏပျံစံအိမ်
၉။ ခုတင်နံပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျားဝိညာဉ်
၁၂။ မာတင်
၁၃။ ဘီလူးနက္ခတ်
၁၄။ မိုးကြိုးအလောင်း
၁၅။ နှစ်ဘဝရွှေသိုက်
၁၆။ မိုးနတ်ဒေဝီ
၁၇။ ကျိန်
၁၈။ မရဏစာရွက်
၁၉။ မိဿာအိုး
၂၀။ လေးကျွန်းမှော်
၂၁။ ရဲမက်တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

၂၂။ ရွှေတောင်မှာသူ မချမ်းသာ
၂၃။ ပတ္တမြားဝိညာဉ်
၂၄။ မိမိလေး
၂၅။ နှစ်တစ်ရာဂူသချိုင်း
၂၆။ နတ်ကိုးကြိမ်
၂၇။ ဝိညာဉ်မှတ်တမ်း
၂၈။ ရွှေမျက်နှာရှင်သခင်မ
၂၉။ အလောင်းကောင်
၃၀။ မီးစုန်း
၃၁။ အခဆောင် ၈
၃၂။ ကျမ်းစူး
၃၃။ ဟိုင်းဝေးတစ္ဆေ
၃၄။ သွေးစုပ်သူယောင်မယ်
၃၅။ အမေကိုစားတဲ့သမီး
၃၆။ အောက်လမ်း (ပထမပိုင်း)
၃၇။ အောက်လမ်း (ဇာတ်သိမ်း)
၃၈။ စုန်းတောက်တဲ့ ...ည
၃၉။ ချစ်တီးတိုက်
၄၀။ သင်္ချိုင်းကုန်းက ...ဟိုတယ်ကြီး
၄၁။ ကွန်ဒိုမှာခြောက်တဲ့သရဲ

ယခု

**ကျောက်ကြီးမောင်နှမ**

တစ်ခါက တောင်ခြေတစ်ခုမှာ ကျောက်တုံးကြီးနှစ်ခု ရှိခဲ့တယ်။

ထိုကျောက်တုံးကြီးမှာ...

နတ်စိမ်းမောင်နှမရှိတယ်လို့ အများက ယူဆကြတယ်။

ထိုနတ်စိမ်းကို အေသခံတွေက

ကျောက်ကြီးမောင်နှမလို့ ခေါ်ဝေါ်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

စီးတော်ရွာရဲ့ နေ့လယ်ခင်းဟာ ဆိုင်းသံဗုံသံများနဲ့ ညံညံစီနေတယ်။

ရွာမှာ အကြီးဆုံးဖြစ်တဲ့ နှစ်ထပ်တိုက်ကြီးရဲ့ရှေ့မှာတော့ နဖူးစီးအနီနဲ့ "မာမီရှိန်ရဲ့ ကနားပွဲ"ဆိုတဲ့စာကြီးက အထင်အရှား။



ကနားရှင်ဟာ စီးတော်ရွာမှာ အကြွယ်ဝဆုံးဖြစ်တဲ့ ပဲကုန်သည်ကြီး ...

ဦးကြွယ်နဲ့ ဒေါ်ခက်။

ထိုအချိန် ပဲကုန်သည်ကြီးဟာ ကနားပွဲရှေ့ဧည့်သည်တွေနဲ့ စကားပြောနေတယ်။

ဒီအချိန်မှာပဲ ...

"တော့် ကိုရင်ရေ ... ဟိုမှာ

ကိုးသိန်းရှင်အဖေကြီး ကြွနေပြီ၊

လာစမ်းပါတော့"

ဒေါ်ခက်က အပြေးတစ်ပိုင်းလာရင်း ပြောလိုက်တယ်။

ဦးကြွယ်လည်း ခေါင်းညိတ်ရင်း ကနားပွဲထဲ လိုက်သွားတယ်။

"ကျောက်ဆည်နယ်တစ်လွှား အပိုင်စားတဲ့

ကိုးသိန်းရှင်ဟေ့ ... ကိုးသိန်းရှင်၊

ကဲ ... သားတော်, သမီးတော်တို့

www.burmeseclassic.com

www.burmeseclassic.com



အဖေကြီးရှေ့မှောက် ခစားစမ်းကွဲ့”

ပဲကုန်သည်လင်မယားဟာ ပျာပျာသလဲဟန်နဲ့ …

“ကြွပါ အဖေကြီး … ကြွပါ၊

သမီးတော်ကြီးတို့လည်း အခစားဝင်လျက်ပါ၊

အဖေကြီးအတွက် စားတော်ပွဲစုံလင်စွာနဲ့

ဆက်သပါတယ်ရှင့်”

ကနားရှင်ဒေါ်ခက်က အလုပ်သမားတွေ သယ်လာတဲ့ စားတော်ပွဲကို လက်နဲ့ကိုင်ရင်း ပြောလိုက်တယ်။

စားတော်ပွဲထဲမှာတော့ မုန့်ဖြူ၊ မုန့်နီ၊ ပဲပုပ်၊ မျှစ်ချဉ်၊ ကြက်ရေချိုချက်၊ ငါးကြော်ကိုးကောင်တို့ ပါဝင်တယ်။

ကနားပွဲထိပ်ရှိ နတ်စင်ရဲ့အစွန်မှာတော့ ကိုးသိန်းရှင်ရဲ့ ဆည်တော်သခင်မ နတ်မောင်နှမတဖြစ်လဲ ကျောက်ကြီး မောင်နှမအတွက် ပွဲကိုးပွဲထားရှိထားတယ်။

မာမီရှိန်က စားတော်ပွဲကို လက်နဲ့တို့ထိရင်း ,…

“ကနားရှင်သားတော်သမီးတော်ကြီးတွေ …



ခုလို ပ,သတာ အဖေကြီး ကျေနပ်တယ်ကွဲ့၊

ဘာအလိုရှိလဲ ပြောကြစမ်းဟေ့”

မာမီရှိန်ရဲ့အပြောကြောင့် ဒေါ်ခက်ရဲ့မျက်နှာ ဝင်းပသွားတယ်။

“အထွေထူးတော့ မရှိပါဘူး အဖေကြီးရယ်၊

နှစ်စဉ်နှစ်တိုင်း စီးပွားဥစ္စာ ဒီရေလိုတက်ပြီး

ကနားပွဲကြီးပေးနိုင်ရင် တော်ပါပြီရှင့်”

“အိန်း … ဖြစ်စေရမယ်ကွဲ့၊

သို့ပေမယ့် … အဖေကြီးရဲ့အာရုံမှာ

မြင်နေတာရှိသကွဲ့၊

သမီးတော်ကြီးတို့အိမ်မှာ ခြေနှစ်ချောင်း

ထွက်ကိန်းရှိသကွဲ့၊

အထူးဂရုစိုက်ရလိမ့်မယ်ကွဲ့”

မာမီရှိန်က ထိုသို့ပြောရင်း ဆတ်ခနဲ ထ,ရပ်လိုက်တယ်။

ပြီးတော့ နတ်ဒိုးသံနဲ့အတူ ခုန်ပေါက်ကခုန်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မာမီရှိန်းရဲ့ဟောချက်ကြောင့် ကုန်သည်ကြီးကတော် ခေါ်ခက်ဟာ အကြီးအကျယ် မျက်နှာပျက်နေရှာတယ်။

ကနားပွဲလာပရိသတ်ကြီးဟာ မာမီရှိန်းရဲ့ကကွက်တွေ အောက် စီးမျောရင်း ...

"ရှိန်တို့များ ချောလိုက်တာ မှန်နေတာပဲအေ၊

တို့မိန်းမတွေတောင် သူ့ငေးကြည့်ရတယ်"

"ဟုတ်ပါ့၊ လှချက်က ကမ်းကုန်ပဲနော့်၊

သူက ယောကျ်ားလိုဝတ်လည်း ခန့်ချောကြီး၊

မိန်းမလိုဝတ်လည်း မိန်းမချောကြီးနော့်၊

အိမ်က လင်ကြီးနဲ့များ နှံ့သာဆီနဲ့အီးပဲအေ့"

"ဟဲ့ ... သူက ကနားစီးသာလုပ်နေတာ

အပြင်မှာဆို ယောကျ်ားလိုပဲ ဝတ်တာဟ၊

ကျားမှကျားအစစ်ကြီးအေ့၊

ရှိန်နဲ့သာ ဖူးစာဆုံရလို့ကတော့

သေရကျိုးနပ်ချက်"



စီးတောရွာသူတွေဟာ မာမီရှိန့်အကြောင်း မစားရဝခမန်း ပြောကြကုန်တယ်။

ဒီအချိန်မှာပဲ ပွဲထဲကို လူနှစ်ယောက် ပြေးဝင်လာတယ်။

"သူဌေး ... သူဌေး ...

မိုးတော့ မီးလောင်ပြီဗျ၊

ကျွန်တော်တို့အပြစ် မဟုတ်ဘူးနော်"

"ဟေ ... ဘာလဲကွ၊ မင်းတို့ အထိတ်တလန့်နဲ့

ဘာဖြစ်လာသလဲ ပြောစမ်း"

"ဟို ... ဟို ... အိမ်ပေါ်မှာ

သူဌေးရဲ့သမီး မရှိတော့ဘူး၊

ကျွန်တော်တို့ အိမ်အနှံ့ရှာပြီးပြီဗျ"

သူဌေးဦးကြွယ်က တပည့်တွေကို ကနားပွဲအပြင် ခေါ်ထုတ်လိုက်တယ်။

"ဘာကွ ... ငါ့သမီး မရှိဘူး ဟုတ်လား၊

မင်းတို့ ဆောက်သုံးမကျတဲ့ကောင်တွေပဲကွ၊

www.burmeseclassic.com



အိမ်မှာမရှိရင် ရွာအနှံ့လိုက်ရှာပေါ့ကွ၊
သွားကြစမ်း ... ချက်ချင်း"
တပည့်ထဲက တစ်ယောက်က မျက်နှာငယ်လေးနဲ့ ...
"မ ... မဟုတ်ဘူး သူဌေး၊
ကျွန်တော် ရွာထဲအနှံ့ ရှာပြီးပြီ၊
သူဌေးရဲ့သမီး လုံးဝမရှိဘူး၊
ထင်တာပြောရရင် သူ ... သူ ...
လင်နောက်လိုက်တာပဲ ဖြစ်မယ်ဗျ"
"မဟုတ်တာ မပြောနဲ့၊ ငါ့သမီးက
ရည်းစားတောင် ရှိတာမဟုတ်ဘူးကွ၊
ငါ့သမီးကို သွားရှာကြ၊
မတွေ့ရင် နင်တို့ ပြန်မလာနဲ့ ... သွားကြ"

❒❒❒

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

“ တောက် ... မင်းရဲ့သမီးလုပ်ချက်က

မဟုတ်သေးဘူး မခက်ရ၊

မနေ့တည်းက ပျောက်သွားတာ ...

ခုထိ ပြန်မတွေ့ဘူး၊



ငါ့တပည့်တွေပြောသလို ...

လင်နောက်လိုက်ပြေးပြီထင်ပါ့၊

ရှက်ဖို့ကောင်းလိုက်တာကွာ၊

ငါ့မျက်နှာ ဘယ်ထားရမှန်းတောင်

မသိဘူးဟ ... တောက်”

သူဌေးကတော်ကြီးက မျက်နှာမဲ့ရှုံ့ရင်း ...

“လင်နောက်လိုက်လည်း ဘာဖြစ်လဲတော်၊

အတောင်စုံလို့ ပျံတာပဲ၊

သမီးက ရှင့်ကို သံတော်ဦးတင်ရဦးမှာလား၊

သမီးလေး ပိုးအိမ်ဟာ မိဘကို

ဘယ်တော့မှ ဒုက္ခမပေးဘူးရှင့်”

“ဟ ... ဒါတော့ ဒါပေါ့ကွ၊

မနေ့က မာမီရှိန် အဖေကြီးကိုးသိန်းရှင်

ဝင်ရင်း ပြောခဲ့တယ်လေ၊

တို့အိမ်မှာ ခြေနှစ်ချောင်းထွက်ကိန်း

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်လို့၊

ခု ... မင်းရဲ့သမီး ထွက်သွားပြီ၊

ဒီရွာမှာ ငါ သူဌေးကွ၊

ငါ့မျက်နှာ စားနဲ့ လိုးဖို့ပဲ ကောင်းတယ်၊

ဘယ့်နှယ် ... ငါလိုသူဌေးရဲ့သမီးက

နိုးရာလိုက်ပြေးရတယ်လို့ကွာ၊

ချစ်သူရှိရင် ရှိတယ် ပြောပေါ့ကွ၊

ခုလိုလုပ်တော့ ကောင်းသလား၊

ကြည့်ရတာ ... မင်းသမီးလိုက်ပြေးတာ

စုတ်ပြတ်သတ်ပြီး လူကြားထဲ

မပြဝံ့တဲ့ကောင် ဖြစ်ရမယ်၊

ရှက်ဖို့ကောင်းလိုက်တာကွာ ... တောက်"

"ဒီမယ် ကိုရင်ကြွယ်ရဲ့ ...

သမီးနဲ့ ပတ်သက်သွားရင်

သူတောင်းစားလည်း သမက်တော်သင့်





တော်ရမှာပဲ၊ ရှင် လျှောက်မပြောနဲ့

နားပူတယ် ... ဒါပဲ"

ဒေါ်ခက်က ထိုသို့ပြောပြီး အနားက ထသွားတယ်။

မိန်းမဖြစ်သူရဲ့စကားက ဦးကြွယ်ရဲ့အရိုက်ကို ထိုးနှက်ချက်သလိုပင် ...

"တောက် ... မခက်, မခက် ...

ဦးနှောက်မရှိတဲ့မိန်းမ၊

ငါသာမရှိရင် ဒင်းတို့သားအမိနှစ်ယောက်လုံး

ခွေးဖြစ်မှာ၊ မဖြစ်ဘူး ... လုံးဝမဖြစ်ဘူး၊

ငါ့သမီး ပေါက်လွှတ်ပဲစားကောင်ယူရင်

လုံးဝလက်မခံဘူး၊

ငါ သူဌေးဦးကြွယ် ... သူဌေးသိက္ခာ

လုံးဝမချဘူးကွ ... ဟင်း"

ပဲကုန်သည်ကြီးဦးကြွယ် ဒေါသထွက်နေစဉ်မှာပဲ

တပည့်ကျော်တွေဖြစ်တဲ့ အားချုပ်နဲ့အားပေါက် ညီအစ်ကိုနှစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာတယ်။

"သူဌေးရေ … ရွာနီးစပ်ချုပ်တင်မကဘူး၊

ကျောက်ဆည်အထိ ခြေဆန့်ပြီးပြီဗျ၊

ပိုးအိမ်လေးရဲ့သတင်း …

လုံးဝ အစ,မရဘူးဗျ၊ ကျွန်တော်တို့ညီအစ်ကို

ဘာဆက်လုပ်ရမလဲဗျာ"

ငင်းတို့အပြောကြောင့် ဦးကြွယ်ရဲ့မျက်နှာကြီး ပိုပြီး

မြန်းသွားတယ်။

ဦးကြွယ်က အကွက်ကြား ရုပ်အင်္ကျီရဲ့အိတ်ကပ်ထဲ

လက်နှိုက်လိုက်တယ်။

ငွေတစ်ထပ်ကို စားပွဲပေါ်ပစ်တင်ရင်း …

"ဒီငွေယူပြီး ငါ့သမီးပိုးအိမ်ကို

တွေ့အောင်ရှာကြ၊

ကျောက်ဆည်အနှံ့ မြေလှန်ရှာကြ၊

ကျောက်ဆည်သူ ဇီးတောရွာသမဟာ

ဒီတစ်ဝိုက်မှာပဲ ရှိမှာပဲ၊

အေး … ငါ့သမီးမတွေ့ဘဲ ရွာပြန်လာရင်

မင်းတို့ကို ငွေအလွဲစားလုပ်မှုနဲ့

ထောင်ထဲပို့မယ် … ဒါပဲ …

သွားကြတော့"

သူဌေးဦးကြွယ်ရဲ့အမိန့်ကို မလွန်ဆန်ဝံ့ဘဲ ညီအစ်ကို နှစ်ယောက်ဟာ မျက်နှာရှုံ့မဲ့ပြီး ထွက်သွားကြရတော့တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

ထိုအချိန် . . . ပျဉ်းမနားမြို့ရဲ့တစ်နေရာမှာတော့ ချစ်သူနှစ်ဦးဟာ ဖဲမွေ့ရာမဟုတ်တဲ့ မြက်ခင်းပေါ်ကျောခင်းလျက်။

"ကို ... ပိုး သိပ်ကြောက်တယ် ကိုရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကို့ကို ချစ်လွန်းလို့သာ ကို့နောက် လိုက်ခဲ့တာ၊

အဖေ့ရဲ့ဒေါသကို ပိုးသိတယ်၊

အဖေသာ ရှာတွေ့ခဲ့ရင်ဆိုတဲ့အတွေးနဲ့

ပိုး သိပ်ကြောက်နေပြီ ကိုရဲ့ ...

ဟင့် ... ဟင့်"

မင်းကိုကိုက ချစ်သူရဲ့ပခုံးကို ပွေ့ဖက်လိုက်ရင်း ...

"ချစ်ရယ် ... မင်းနားမှာ

ကိုယ်တစ်ယောက်လုံး ရှိတာပဲကွာ၊

ဘာမှစိုးရိမ်စရာမရှိဘူး၊

ကိုယ်တို့ ဘယ်တော့မှ မခွဲဘူးဆိုတာ ချစ်ယုံပါ၊

မင်္ဂလာဦးချိန်မှာ ချစ်စကားတွေပဲ

ကြားချင်ပါတယ် ပိုးရယ် ... နော်"

"ဒီကိုရောက်လာတာတော့ ဟုတ်ပါပြီ ကိုရဲ့၊

ပိုးတို့ ဘာဆက်လုပ်ကြမလဲဟင်"

"ဘာလုပ်စရာလိုလဲ ပိုးရာ၊

ကိုယ်တို့ ပျော်ပျော်ကြီးနေကြမှာပေါ့၊

ကိုယ့်မှာ စုဆောင်းထားတဲ့ ငွေလေးတွေ

ရှိပါတယ်၊ ဘိုင်ပြတ်တော့လည်း ...

ယောက္ခမအိမ် တက်စားကြတာပေါ့၊

ဟုတ်ဘူးလား ... ဟဲဟဲ"

"ကိုနော် ... အဖေက လက်ခံအောင်ပဲ

အရင်လုပ်ပါဦး၊ ရွာက အစ်ကိုလုပ်နေတဲ့

အလုပ်ကရော ပစ်ထားလို့ရပါ့မလား"

"အကြာကြီးတော့ ဘယ်ရမလဲ ပိုးရာ၊

အချိန်တန်တော့ ပြန်ရမှာပေါ့၊

ခုတော့ ... အသစ်စက်စက်ဇနီးလေးကို

အားပါးတရ ချစ်ပါရစေတော့နော်"

မင်းကိုကိုရဲ့ပွေ့ဖက်မှုကြောင့် ပိုးအိမ်ဟာ ရှက်ရွံ့စိတ်နဲ့

မျက်နှာကြီး နီမြန်းသွားရှာတယ်။

ထိုအချိန် ... ဇီးတောရွာလေးမှာတော့ ...

www.burmeseclassic.com

www.burmeseclassic.com



“တော့ ကိုရင် … ဆေးလိပ်နံ့တွေ မွှန်လို့ပါလား၊

အိပ်သေးဘူးလားတော့”

ဒေါ်ခက်က ခြင်ထောင်ပြင်ထွက်ရင်း မေးလိုက်တယ်။

ဦးကြွယ်က ပက်လက်ကုလားထိုင်ပေါ်ထိုင်ပြီး ဆေးလိပ်သောက်နေရာက …

“ဟ မခက်ရ … ငါ့သမီးတစ်ယောက်လုံး

လင်နောက်လိုက်သွားတာ

ငါ ဘယ်လိုအိပ်နိုင်ပါ့မလဲကွ၊

မိဘတွေကတော့ တစ်ဦးတည်းသောသမီးဆိုပြီး

အလိုလိုက်ခဲ့ရတာ၊

မကြာခင် … ဘွဲ့ယူရတော့မယ်၊

သူ ဘွဲ့ယူရင်ဝတ်ဖို့

ပိုးချိတ်တွေတောင် မန္တလေးပိုးတိုက်ကြီးကနေ

အော်ဒါကြိုမှာထားပြီးပြီ၊

တောက် … ငါ့မျက်နှာ ဓားနဲ့မွှန်းတဲ့သမီးကွာ၊



ရင်ထဲ မချိလိုက်တာ”

ဒေါ်ခက်ဟာ တစ်နေကုန် မစားနိုင်, မအိပ်နိုင်ဖြစ်နေတဲ့ ယောက်ျားဖြစ်သူကို ကရုဏာသက်သွားရှာတယ်။

“ကဲပါ ကိုရင်ရယ် … ကျုပ်တို့သမီးလေးက

ပညာတတ်ပါရှင့်၊ သူရွေးတဲ့ အိမ်ထောင်ဘက်ဟာ

လူကောင်းလေးပဲ ဖြစ်မှာပါရှင်၊

စိတ်ထောင်းရင် ကိုယ်ကြေတယ်တော့၊

ရှင် သိပ်ပင်ပန်းနေပြီ … လာ အိပ်ရာဝင်တော့”

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

**စီးတော်ရာရဲ့** မနက်ခင်းဟာ ခေါင်းရွက်ဗျပ်ထိုးဈေးသည်သံများ၊ ကလေးသူငယ်များရဲ့အသံများနဲ့ သက်ဝင်လှုပ်ရှားနေတယ်။

ပဲကုန်သည်ကြီး ဦးကြွယ်ရဲ့ခြံဝန်းကျယ်တိုက်ကြီးထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ငှင်းဟာ ဘီဒိုထဲက အကျီကို ထုတ်ဝတ်ရင်း ...

"ဟော့ ငလုံး ... လုံး လာစမ်းကွ"

"ဟုတ် သူဌေး ... လာပြီဗျ"

"ကားထုတ်စမ်း ... ဟိုဘက်ရွာသွားမယ်"

လို့ ပြောလိုက်တယ်။

"တော့်ကိုရင် ... ရှင်က တစ်ဖက်ရွာ ဘာလုပ်ဖို့တုန်း"

ဒေါ်ခက်က ထမင်းပွဲပြင်ရင်း မေးလိုက်တယ်။

"ဟ ... ဘာလုပ်ရမှာတုန်း၊

မာမီရှိန်ဆီသွားမလို့၊ ကနားပွဲနေ့က

သူဟောတာ မင်း မကြားဘူးလား၊

ခြေနှစ်ချောင်းထွက်ကိန်းရှိတယ်ဆိုတာ၊

သူ့ဟောချက် ဘယ်လောက်မှန်သလဲကွ၊

မင်း,သမီး လင်နောက်လိုက်သွားတာ၊

ဒါ့ကြောင့် ငါ့သမီး ဘယ်ရောက်နေလဲဆိုတာ

သူ့ကို အာရုံခံခိုင်းမလို့ကွ ... သိပလား"



"ဒါဆိုလည်း ထမင်းကြမ်းစားပြီးမှ သွားရှင့်၊

ဒီမှာ အသင့်ပဲတော့်"

ပဲကုန်သည်ကြီး ဦးကြွယ်က မိန်းမပြင်ပေးတဲ့ ပဲထမင်းကို အလျင်အမြန် စားသောက်လိုက်တယ်။

"သွားမယ်ဟေ့ ... နောက်ကျလို့

မာမီရှိန်နဲ့ လွဲနေဦးမယ်"

ဒရိုင်ဘာလုံးက ကားတံခါးကို ဖွင့်ရင်း စောင့်စားနေတယ်။ ဦးကြွယ်က ကားပေါ်တက်ထိုင်ပြီး မောင်းတော့လို့ ပြောလိုက်တယ်။ ငလုံးက စက်နှိုးရင်း ...

"ဟင် ... စက်နှိုးလို့မရတော့ဘူးဗျ"

"ဘာကွ ... မနေ့က မင်း စက်မနှိုးဘူးလား၊

ဘက်ထရီမကောင်းတာ မင်း မသိဘူးလားဟင်"

ငလုံးက ခေါင်းကုတ်ရင်း ...

"သူဌေးရယ် ... ဒီကားကြီးက

ချုံးချုံးကျနေပြီဗျ၊ အမြဲ ဂီလာနဖြစ်နေတာ၊

www.burmeseclassic.com

www.burmeseclassic.com



ကားလေး ပြောင်းစီးသင့်နေပါပြီ”

“ဟော့ကောင် လျှာမရှည်နဲ့၊ မလိုအပ်ဘဲ

ငွေကုန်မခံနိုင်ဘူး၊ ပြီးတော့ ...

မာမီရှိန်ဟောထားတယ်၊ ဒီနှစ်ပိုင်း

စက်ပစ္စည်းအဝင်မခံနဲ့တဲ့ကွ၊

မိကျောင်းသား အမြန်သွား စက်ဆရာခေါ်ချေ”

ငလုံးလည်း ခေါင်းကုတ်ထွက်သွားတယ်။

“တောက် အသုံးမကျတဲ့ကောင်တွေ၊

သွားခါနီးလာခါနီးဆို ဘယ်တော့မှ

အသင့်မဖြစ်ဘူး၊ ကောက်ရိုးပုံဘဝက

သေတောင် ထွက်မဲ့ကောင်တွေမဟုတ်ဘူး”

ယောက်ျားဖြစ်သူရဲ့ပူညံသံကြောင့် ဒေါ်ခက် အိမ်ရှေ့

ထွက်လာတယ်။

“ကိုရင်ရယ် ... တော့်ကြည့်ရတာ

ပူလောင်လိုက်တာ၊ မိုးလင်းတာနဲ့



ဒေါ်သကြီးပဲ၊ အသက်တိုလိမ့်မယ်တော့်”

“တိုတိုကွာ၊ ငါ အပြင်သွားမယ်ဆို

ဘယ်တော့မှ အသင့်မဖြစ်ဘူး၊

အသုံးမကျတဲ့ မင်း့သမီးနဲ့ အလုပ်သမားတွေကြောင့်

ပူနေရတာဟော့၊ မပြောချင်ဘူး ... ဟင်း”

ဒီအချိန်မှာပဲ ... စက်ဆရာနဲ့အတူ ငလုံးရောက်လာ

ယ်။ စက်ဆရာက အသင့်ယူလာတဲ့ ဘက်ထရီအိုးနဲ့ လဲလှယ်

း စက်နိုးစေတယ်။

“ကဲ ... ဦးလေးကြွယ် အဆင်ပြေသွားပြီ၊

ဒီအိုးက တစ်ပတ်ရစ်အိုးဗျ၊ ကြည့်ပေးပါဗျာ၊

ခြောက်လလောက် လှည့်ကြည့်စရာမလိုဘူး”

စက်ဆရာရဲ့အပြောကြောင့် ဦးကြွယ် မျက်နှာပျက်သွား

ယ်။

“ဘာ ... အိုးဟောင်းကြီးကို ငွေပေးရဦးမလား”

“ဩော် ဦးလေးရယ် ... မနေ့ကပေးထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကနားပွဲကြီးလည်း အားနာပါဦး၊
ဦးလေးရဲ့ အိုးက သုံးမရတော့ဘူးဗျ”
“ဟ ... ကနားပွဲကြီးပေးတာ လာဘ်မြင်လို့
နတ်တင်တာကွ၊ ငွေဘယ်လောက်ရှာရခက်သလဲ
မင်းတို့ သိသလား”
“ကဲပါ ကိုရင်ရယ် ... ရှင်ပေးချင်သလောက်
ပေးလိုက်ပေါ့၊ ရှင် နောက်ကျလို့ မာမီရှိန်နဲ့
လွဲနေပါဦးမယ်”

ဓနီးသည်ရဲ့အပြောကြောင့် ဦးကြွယ်က ကားပေါ်တက်ရင်း ...

“မင်း ဈေးဖိုးထဲက ရှင်းပေးလိုက်၊
ငါ မပေးနိုင်ဘူး၊ ဒါပဲ ...၊
ဟော့ကောင် မောင်းတော့”
လို့ ဓနီးသည်ကို လှမ်းပြောလိုက်တယ်။

□□□

# အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

**တစ်ဖက်ကျွရှိ** မာမိရှိန်ရဲ့ပျဉ်ထောင်အိမ်ကြီးရှေ့ အရောက် တပည့်ဖြစ်သူနီနီက ကားကို မြင်သွားပြီး ...

"ဟယ် ... သူဌေးကြီး ရောက်လာတယ်၊

လာပါ သူဌေးကြီး အိမ်ပေါ်ကြွပါရှင့်"



လို့ ဖိတ်ခေါ်လိုက်တယ်။

သူဌေးဦးကြွယ်က ကားပေါ်ကဆင်းပြီး အိမ်ပေါ်တက် လိုက်တယ်။

"မာမိရှိန်ရော ... ကျုပ်တွေ့ချင်တယ်"

ဦးကြွယ်ရဲ့အမေးကြောင့် နီနီဟာ မသိမသာ မျက်နှာ ပျက်သွားတယ်။

"ဩော် သူဌေးကြီး ... ရှိန်မရှိဘူးရှင့်၊

ဟိုလေ ... မန်းလေးက ကနားပွဲ

သွားနေတယ်ရှင့်၊

ရှိန်မရှိပေမယ့် နီတို့ ရှိတာပဲ နော်၊

ဘာကူညီရမလဲဟင်"

နီနီရဲ့အပြောကြောင့် ဦးကြွယ် မျက်မှောင်ကြုတ်သွား တယ်။

"ကျုပ်က ရှိန်နဲ့ပဲ တွေ့ချင်တာ၊

တခြားလူမလိုဘူး၊ သူ ဘယ်နေ့ပြန်လာမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိသေးဘူးရှင့်၊ ပွဲရှိတယ်ပဲ ပြောသွားတာ၊

သူဌေးလိုပဲရှင့် ... ကနားရှင်တွေက

ရှိန်မှရှိန်ပဲဖြစ်နေတာ၊ နီတို့ဆို နေရာကို

မပေးချင်ကြဘူး ... ဟွန်း"

သူဌေးဦးကြွယ်က ထိုင်ရာက ထလိုက်ရင်း ...

"ကဲ ... ဒါဆို ကျုပ်ပြန်ပြီ"

လို့ ပြောပြီး လှည့်ထွက်ခဲ့တယ်။

ဒီနောက်မှာတော့ ပဲကုန်သည်ကြီးဦးကြွယ်ဟာ ထိုရွာကနေ မကျေမနပ် ပြန်ခဲ့တော့တယ်။

ဇီးတောရွာကို ပြန်ရောက်တော့ ...

"တောက် ... ဒီရက်ပိုင်း ဘာဖြစ်နေလဲမသိဘူး၊

ငါလုပ်ချင်တိုင်း မဖြစ်ဘူး၊

မခက်ရေ ... မခက် ...၊

ငါ့ကို ရေအေးတစ်ခွက် ယူခဲ့ဟေ့"

ဒေါ်ခက်က ဟင်းချက်တာရပ်ပြီး ရေသွားပို့ပေးရတယ်။



"ရှင်ဟာလေ အပြင်မသွားခင်လည်း တစ်မျိုး၊

ပြန်လာရင်လည်း တစ်မျိုးနဲ့ ...

အိမ်ကို ပူနေတာပဲတော်"

ဒီအချိန်မှာပဲ ပဲကုန်သည်ကြီးရဲ့အိမ်ကို လူကြီးတစ်ဦးရောက်လာတယ်။

"ဟော ကိုအေးကို ... လာဗျာထိုင်၊

အကြွေးလာဆပ်ပြီလားဗျ"

ပဲကုန်သည်ကြီးရဲ့အပြောကြောင့် ကိုအေးကိုဆိုတဲ့ လူကြီး မျက်နှာမသာမယာနဲ့ ခုံမှာ ဝင်ထိုင်တယ်။

"ဒီလိုပါ ကိုကြွယ်ရယ်၊

ကျုပ် ... ကျုပ် သမီးလေး

ကျူရှင်ထားချင်လို့၊

အဲ ... အဲဒါ ... ငွေလေးနည်းနည်း

ထပ်ဆွဲချင်လို့ပါဗျာ"

"ဘာဗျ ... အရင်ငွေ ပြန်မဆပ်ဘဲ၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားက ထပ်လိုချင်နေတယ်၊

ကျုပ်က ငွေတိုးချေးစားတာ

အတိုးရချင်လို့ဗျ၊

ဘယ့်နှယ် ... အရင်းလည်း ပြန်မဆပ်နိုင်ဘူး၊

အတိုးလည်း မပေးနိုင်တာ ခြောက်လရှိပြီ၊

ဒီမယ် ... သုံးရက်အတွင်း

ကျုပ်ငွေတွေ ပြန်မပေးရင် ...

ခင်ဗျားရဲ့အိမ်ကို သိမ်းရလိမ့်မယ်၊

စာချုပ်တွေအသင့် ထုတ်ထားပေတော့"

ဦးကြွယ်ရဲ့အပြောကြောင့် ကိုအေးကိုတစ်ယောက် ထိတ်လန့်သွားရှာတယ်။

"မလုပ်ပါနဲ့ ... မလုပ်ပါနဲ့ဗျာ၊

ငွေပြန်မဆပ်နိုင်သေးတာက

ကျွန်တော့်ယာတွေ အထွက်မကောင်းလို့ပါ၊

မဆပ်ချင်လို့ မဟုတ်ရပါဘူးဗျာ၊



ဒါပေမဲ့ ... ကျွန်တော့်မိန်းမဘက်က

အမွေရဖို့ ရှိပါတယ်၊

ဒီတော့မှ ပြန်ဆပ်ပါရစေ၊

ခု ... ခုတော့ ကူညီပေးပါဦးဗျာ"

"လုံးဝလက်မခံဘူး ... ဘာမှထပ်မပြောနဲ့၊

ကျုပ်က ပြောတဲ့အတိုင်းပဲ လုပ်တတ်တယ်၊

ပြန်တော့ ..."

ဦးကြွယ်ရဲ့တစ်ချက်လွှတ်အမိန့်ကြောင့် ကိုအေးကိုဟာ မျက်ရည်ရစ်ဝဲတဲ့ မျက်နှာလေးနဲ့ ထပြန်သွားရှာတယ်။

"ကိုအေးကိုတို့မိသားစုက စိတ်ဓာတ်

ကောင်းပါတယ်ရှင်၊ သူ့သမီးလေးကလည်း

စာသိပ်တော်တာ၊ ရှင်ကူညီပေးလိုက်သင့်တယ်၊

သူတို့ယာတွေ အထွက်မကောင်းတာ

တစ်ရွာလုံး သိနေတဲ့ဟာကို"

"တော်စမ်း မခက်၊ ဒါ့ကြောင့် မင်းတို့သားအမိကို

www.burmeseclassic.com

www.burmeseclassic.com



ငါ စိတ်မချတာကွ၊

ငါက ငွေပေါလွန်းလို့ အလှူလုပ်နေတာ

မဟုတ်ဘူးကွ၊ မင်းတို့နောင်ရေးအတွက်

စီးပွားရှာနေတာကွ၊

စီးပွားရေးနဲ့လူမှုရေး ရောလို့မရဘူးကွ၊

အေး ... ငါသာမရှိရင် မင်းတို့ ခွက်ဆွဲနေရမယ်၊

ဘာမှအမြော်အမြင်မရှိကြဘူး"

❒❒❒

# အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

## နေ့လယ်ခင်းအချိန်တစ်ခု ...

ကိုအေးကိုတစ်ယောက် ရွာလမ်းအတိုင်း ခေါင်းငိုက်စိုက်ရင်း လျှောက်လာတယ်။

အိမ်ရှေ့ကွပ်ပျစ်တစ်ခုမှာထိုင်ပြီး အတင်းပြောနေတဲ့



မိန်းမတစ်စုဟာ သူ့ကို မြင်သွားပြီး ...

"ကိုအေးကိုကြီး ... ဘယ်ကပြန်လာတုန်းရှင့်၊
နေသိပ်ပြင်းနေတယ်နော်၊
အကြမ်းရည်လေး ဝင်သောက်ပါဦး"
လို့ ဖိတ်ခေါ်လိုက်တယ်။

"နေပြင်းလည်း စိတ်ထဲဖြစ်နေတာလောက်
မပြင်းပါဘူးဟာ၊ ငါ အရမ်းစိတ်ညစ်နေတယ်"
ကိုအေးကိုက ကွပ်ပျစ်မှာ ဝင်ထိုင်ရင်း ပြောလိုက်တယ်။

"ပြောပါဦးတော့ ... ရှင် ဘာဖြစ်နေလို့လဲ"

"ငါ့မှာဟာ အလုပ်က အဆင်မပြေရတဲ့အထဲ
တစ်နေ့က ငါ့သမီး ကျူရှင်တက်ဖို့
ဦးကြွယ်ဆီ သွားချေးတာ မချေးတဲ့အပြင်
အရင်ကြွေးမဆပ်နိုင်လို့တဲ့၊ ငါ့အိမ်ဝိုင်းလေးကို
အတိုးရော အရင်းပါပေါင်းပြီး သိမ်းမယ်တဲ့ဟာ၊
ငါလည်း ကြံရာမရဖြစ်လို့ တစ်ဖက်ရွာက

www.burmeseclassic.com

www.burmeseclassic.com



မာမီရှိန်ဆီသွားပြီး ငွေချေးတာ
သူ မရှိဘူးလေ”
“ဒါတော့ ... ဦးကြွယ် လွန်တယ်၊
ကျုပ်တို့က ဒီရွာလေးမှာ
ငယ်မွေးခြံပေါက်တွေပါတော့၊
အချင်းချင်း ရိုင်းပင်းကူညီသင့်ပါတယ်”
ဟင်းရွက်သည်မဝင်းရဲ့စကားကို မဂျမ်းက ...
“အိုအေ ... ညည်းကလည်း ဦးကြွယ်အကြောင်း
မသိတာကျနေတာပဲ၊ ဒင်းက ပဲလုပ်တာနည်းနည်း
တစ်ရွာလုံးဆီက ... အတိုးကြီးနဲ့
ငွေတိုးစားပြီး ကျိုကျိုတက်သွားတာအေ့၊
ပြီးတော့ ... ဒီလူကြီးက သိပ်ကပ်စေးနဲတာ၊
နတ်ကနားပွဲကလွဲရင် ရွာမှာ
ဘာအလှူလုပ်လုပ် မပါဘူး”
လို့ ပြောလိုက်တဲ့အခါ ကိုအေးကိုက ...



“သူ့သမီးပိုးအိမ် လင်နောက်လိုက်လို့ဆို၊
တို့ရွာသား မဟုတ်ဘူးလို့
ကြားတယ်ဟ”
“တော်ကလဲနော် ... သူ့သမီးက
မြို့မှာ ကျောင်းတက်တာပဲ၊
မြို့သား လက်ကြောမတင်းတဲ့ကောင်တွေနဲ့
ခိုးရာလိုက်မှာပေါ့၊ သူများ အတင်းပြောရတာ
မောလိုက်တာနော်၊ လက်ဖက်သုပ်စားဦးမှ၊
ရှင်လည်း စားလေ”
ထိုအချိန်မှာပဲ ရွာလမ်းအတိုင်း လူတစ်ယောက်ဟာ ခပ်သုတ်သုတ်လျှောက်လာတယ်။
ထိုလူက ကိုအေးကိုတို့ကိုမြင်တဲ့အခါ ...
“ဗျို့ ... ကိုအေးကိုကြီး ... လူစုံလှချည်လား၊
ဗိုက်ဆာလာတာနဲ့အတော်ပဲ ... ကျွေးဦးဗျာ”
“အမယ်လေး ... ကိုဖျောကြီးရယ် ...

www.burmeseclassic.com

www.burmeseclassic.com



လာပါ ... စားပါ”

မဂျမ်းက ခေါ်လိုက်တဲ့အတွက် ကိုဗျောကြီးက ကွပ်ပျစ်ပေါ် ဝင်ထိုင်လိုက်တယ်။

လက်ဖက်သုပ်ကို ခပ်စားလိုက်ရင်း ...

“ကောင်းလိုက်တဲ့ လက်ဖက်ဗျာ၊

ဒါနဲ့ ခင်ဗျားတို့ နေပူကြီးထိုင်ပြီး

ဘာတွေများ စကားကောင်းနေကြတာတုန်း”

“ကိုအေးကိုကြီးအိမ်ကို ဦးကြွယ်က ...

အကြွေးမဆပ်နိုင်လို့ သိမ်းတော့မယ်လေ၊

အဲဒါနဲ့ ဆက်စပ်ပြီး သူ့အတင်း

ထိုင်တုပ်နေတာ”

မဝင်းရဲ့စကားကြောင့် ကိုဗျောကြီး မျက်မှောင်ကြုတ်သွားတယ်။

“နေဦးဗျ ... ဦးကြွယ်အကြောင်းပြောမှ

ကျုပ် သတိရတယ်၊ သူ့သမီးကို



မြို့ထဲက ကားဂိတ်မှာ တွေ့ခဲ့တယ်”

ကိုဗျောကြီးရဲ့စကားကြောင့် ကျန်လူတွေ ဟင်ခနဲ ဖြစ်သွားတယ်။

“ဟာ ... ဟုတ်လား၊

သူ့သမီးက တစ်ယောက်တည်းလား၊

မြို့သွားပါသေးလားတော့”

“ပါတယ်ဗျ၊ ကျောခိုင်းထားတော့

သေချာမမြင်ရဘူး”

“ဒါဆို ... ကျုပ်တို့

ဦးကြွယ်ဆီ သွားပြောလိုက်မယ်၊

သူ့သမီးပျောက်လို့ သူ့အလုပ်သမားတွေတောင်

မြေလှန်ရှာခိုင်းထားတာအေ့”

“အေး ... ဂျမ်းပုံ ညည်းပြောတာ မဆိုးဘူး၊

ငါတို့အဘိုးကြီး ဦးကြွယ်ဆီက

မုန့်ဖိုးတောင်းပြီး သတင်းပေးလိုက်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလဲဟေ့"

"အာ … ရပ့်မလားဗျာ၊

ဒီအဘိုးကြီးက ကပ်စေးနဲ့ကြီး၊

သေရင်တောင် သူ့ပစ္စည်းတွေဆွဲပြီး

ကျွတ်မှာမဟုတ်ဘူးနော်၊

မုန့်ဖိုးမရဘဲ ပြေးပေါက်မှားနေဦးမယ်"

ကိုအေးကိုရဲ့စကားကို မဝင်းက မျက်နှာမဲ့ရင်း …

"အိုတော် … ရမလားလို့တော့

တောင်းကြည့်ရမှာပေါ့၊ သူ့သမီးသတင်းကို

သူ သိပ်ကြားချင်နေတာ၊ ဒါကြောင့်လည်း

ရှိသမျှတပည့်အားလုံး လိုက်ရှာခိုင်းနေတာရှင့်၊

ကြာပါတယ် … ခုပဲသွားကြရအောင်"

ဒီနောက်မှာတော့ ၎င်းတို့အားလုံး ဦးကြွယ်ရဲ့တိုက်

ကြီးဘက် သုတ်ခြေတင်ခဲ့ကြတော့တယ်။

❒❒❒

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

တိုက်ဆိုမကြီးဘက်ရောက်တော့ ဆန်ပြာ

တဲ့ ဒေါ်ခက်ကို တွေ့ရတယ်။

ဒေါ်ခက်က ၎င်းတို့ကို မြင်သွားပြီး ...

"ငွေချေးဖို့ လာကြတာလားကွဲ့၊



အိမ်မှာ ရာသီဥတုမကောင်းဘူးနော်၊

မင်းတို့ဦးလေးနဲ့ စကားပြောရင်

သတိထားပြောကြ၊

ဝင်သွားကြ အထဲမှာရှိတယ်"

"ဟင်းဟင်း ... ဂျမ်းတို့လာတာ

ရာသီဥတုကောင်းအောင် လုပ်ပေးမလို့

ဒေါ်လေးရဲ့၊ လာပါ ... ဒေါ်လေးပါ

အိမ်ထဲလိုက်ခဲ့ဦး"

မဂျမ်းရဲ့စကားကြောင့် ဒေါ်ခက် အံ့အားသင့်သွားတယ်။

မဂျမ်းတို့တွေ အိမ်ထဲဝင်သွားတဲ့အတွက် သူမပါ လိုက်ပြီး အထဲဝင်ခဲ့တယ်။

"ဦးလေးကြွယ် ... ဘာလုပ်နေတာလဲရှင့်"

ဟင်းရွက်သည်မဝင်းက အာသွက်စွာ မေးလိုက်တယ်။

"နင် ကန်းနေသလား၊ ဂျာနယ်ဖတ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဘူးလား၊
ဘာလာလုပ်ကြတာလဲ”
“တွေ့ပါတယ် ဦးလေးရယ်၊
ကျွန်မတို့လာတာ ဦးလေးအတွက်ပါ၊
ဦးလေးအတွက် သတင်းထူး
သယ်လာတာရှင့်”
ဦးကြွယ်တစ်ယောက် မျက်မှောင်ကြုတ်သွားပြီး ...
“အောင်မာ ... အရှူးပါးစပ်က
နတ်စကားထွက်လို့၊ နင်တို့ဆီမှာ
ငါ့အတွက် ဘာသဝဏ်းမှ မထူးနိုင်ဘူး၊
အားရင် အိမ်လှည့်ပြီး အတင်းတုပ်တဲ့ဟာတွေ”
“ဩော် ဦးလေးရယ် ... စိတ်ကို
နည်းနည်းရှည်ပါဦး၊
ကျွန်မတို့ ခုပြောမယ့်သတင်းက ...
ဦးလေးသမီး ပိုးအိမ်အကြောင်းရှင့်၊



ဒါပေမဲ့ ... ဒီတိုင်းတော့မရဘူးနော်၊
ကျွန်မတို့ကို မုန့်ဖိုးပေးရမယ်”
“ဘာ ... ငါ့သမီးသတင်း ဟုတ်လား၊
ပြောစမ်း မြန်မြန် ဒီကောင်မ ဘယ်မလဲ၊
နင်တို့ကို မုန့်ဖိုးပေးမယ် ... ပြော”
မဂျမ်းတို့ဟာ ဦးကြွယ် သူတို့အတွက်ထဲဝင်ပြီမို့ ပျော်
သွားကြတယ်။
“ဒီလို ဦးလေးရေ ... ပိုးအိမ်ကို ကိုဗျောကြီးက
မြို့ထဲဘက်က ကားဂိတ်မှာတွေ့ခဲ့တယ်၊
သားမှာလည်း လူတစ်ယောက်ပါတယ်ရှင့်၊
ခုချိန် ဦးလေး ကျောက်ဆည်မြို့ထဲ လိုက်ရှာရင်
တွေ့နိုင်တယ်နော်”
ဦးကြွယ်က တက်ခေါက်လိုက်ရင်း ...
“တောက် ... ခွေးထက်မိုက်တဲ့သမီး တွေ့မယ်၊
လေုံး ... ဟော့ လေုံး ...

www.burmeseclassic.com

www.burmeseclassic.com



ကားထုတ်ထားစမ်း"

လို့ ဒရိုင်ဘာကို လှမ်းပြောလိုက်တယ်။

မဝင်းက ဦးကြွယ်ရှေ့ လက်ဝါးဖြန့်ရင်း ...

"ကဲ ... ဦးလေး ...

ကျွန်မတို့ကို မုန့်ဖိုးပေးတော့"

လို့ တောင်းလိုက်တယ်။

ဦးကြွယ်က အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်တယ်။

"ရော့ ... ဒါ နင်တို့ကို ဆုချတာ"

မဝင်းက သူမလက်ထဲရောက်လာတဲ့ ငါးရာတန်တစ်ရွက်ကိုကြည့်ရင်း မျက်နှာရှုံ့မဲ့သွားတယ်။

"အာ ... ဦးလေးကလည်း ဒီငွေနဲ့၊

ကျွန်မတို့တွေ ဘာဝယ်စားရမှာလဲ၊

နှစ်ထောင်လောက်တော့ ပေးပါ"

"ဘာ ... ငွေနှစ်ထောင်ဟုတ်လား၊

မပေးနိုင်ဘူး၊ နင်တို့တောင်းတာ မုန့်ဖိုးပဲ၊



ငါပေးချင်သလောက် ပေးမှာပေါ့၊

မလိုချင်ရင် ပြန်ပေးခဲ့ ... ပေး"

"ပြန်တော့ပေးနိုင်ဘူး၊ ဦးလေးဆီက

ရတဲ့ငွေကို ထီထိုးပစ်မယ် ... ဟင်း၊

လာ ... သွားကြမယ်"

မဝင်းတို့လူစုဟာ ဦးကြွယ်ရဲ့အိမ်ကနေ မကျေမနပ်ထွက်ခဲ့ကြတော့တယ်။

ပြီး

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

ဦးကြွယ်တစ်ယောက် ငှင်းရဲ့ကားစုတ်လေးနဲ့ ကျောက်ဆည်မြို့အနှံ့ ခြေဆန့်ရှာတော့တယ်။

မြို့သာနေရာစုံသွားတယ်။

သမီးဖြစ်သူကို အရိပ်တောင်မတွေ့ရဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘောဂဝတီဘက်ရောက်တော့ ကိုးသိန်းရှင်နဲ့ဆည်တော် သခင်မနန်းဘက် လူတွေစုရုံးနေတာ တွေ့ရတယ်။

ဦးကြွယ်လည်း ကားရပ်ပြီး ဦးတိုက်ဖို့ နန်းပေါ်တက်ခဲ့ တယ်။

"သားတော်ကြီးကို စောင့်ရှောက်ပေးပါ
အဖေကြီးရယ်၊ သမီးဧာကြောင့် သားတော်ကြီး
ပူလောင်နေရပါတယ်၊ သူ့ကို
အမြန်ပြန်တွေ့အောင် ဆောင်မတော်မူပါခင်ဗျ၊
သမီးတော်လေးကို ပြန်တွေ့ရင်
အဖေကြီးအတွက် ပွဲကိုးပွဲ
လာရောက် ဆက်သလှူဒါန်းပါ့မယ်"

ဦးကြွယ်က ထိုသို့တိုင်တည်ပြီး နန်းအောက်ဆင်းလိုက် တယ်။

မနက်ဖြန် တော်သလင်းလပြည့်ကျော် ကိုးရက်ဖြစ်တာ ကြောင့် ကိုးသိန်းရှင်နတ်မောင်နှမ ပူဇော်ပွဲအား လေးရက်တိုင်



ဆိုင် ကျင်းပပေတော့မည်။

ဦးကြွယ်တစ်ယောက် နန်းမှာ ဆုတောင်းပြီး မြို့အနှံ့ လှည့်ရှာသေးတယ်။

ဘယ်လိုမှ ရှာမတွေ့တာနဲ့ အိမ်ကိုသာ ပြန်ခဲ့ရတယ်။

ရွာထိပ် ဆည်ကြီးရှိ နတ်နန်းမှာလည်း လူတွေ စုရုံးနေ ကြတယ်။

ဓာတ်စက်သံလည်း ကြားနေရတယ်။

အိမ်ပြန်ရောက်တော့ မိန်းမဖြစ်သူက ဆီးပြီး ...

"သမီးကို တွေ့ခဲ့သလားဟင်"

လို့ မေးလာတယ်။

"မတွေ့ဘူး၊ တစ်မြို့လုံးအနှံ့ပဲကွာ၊
မင့်သမီး ငါ့ကို အတော်ဒုက္ခပေးတယ်၊
တောက်"

ဒေါ်ခက်က သက်ပြင်းချရင်း ...

"စိတ်လျှော့ပါရှင် ... ရှင် အသက်တိုလိမ့်မယ်နော်၊

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ သမီး ပြန်တွေ့ရင်လည်း

သိပ်ပြောမနေနဲ့ဦး၊

ဖြစ်ပြီးတာကို ဘာမှပြန်လုပ်လို့မရဘူး၊

ကိုယ့်သမီးပဲ နစ်နာမှာရှင့်"

လို့ ဖျောင်းဖျလိုက်ပေမယ့် ဦးကြွယ်က ...

"ငါက ဘာလို့ နားလည်ပေးရမှာလဲကွ၊

ချွေးဇာတ်ခင်းတဲ့ သမီး ...

သေဖို့သာပြင်တော့"

လို့ ကျုံးဝါးလိုက်ပြန်တယ်။

"ရှင် စိတ်ကိုထိန်းဦးနော်၊

နက်ဖြန်ခါက ကျောက်ကြီးမောင်နှမပွဲရှိတယ်၊

ရွာထိပ်ဆည်နန်းမှာ လိုအပ်တာလေးတွေ

ကြည့်ပေးရအောင်တော့၊

ဒီချိန်လောက်ဆို ကနားစီးမာမီရှိန်လည်း

ပြန်ရောက်နေလောက်ရောပေါ့၊



သူက ဆည်တော်သခင်မပွဲဆို ...

ဘယ်နေရာရောက်ရောက် ပြန်လာတတ်တာပဲရှင့်၊

သွားကြရအောင်"

"ငါ လောလောဆယ် ပင်ပန်းနေသေးတယ်၊

မင်းပဲသွားနှင့်လိုက်၊ လိုက်လာခဲ့မယ်"

ဦးကြွယ်က ထိုသို့ပြောပြီး ရေချိုးဖို့ ပြင်လိုက်တယ်။

ဒေါ်ခက်လည်း ရွာထိပ်ဆည်ရှိရာကို တစ်ယောက်တည်း ထွက်သွားတယ်။

ဦးကြွယ်တစ်ယောက် ရေချိုးပြီးတဲ့အခါ ထမင်းစားဖို့ အုပ်ဆောင်းလှန်းလိုက်တယ်။

"အံမယ် ... မိခက်တို့က ငါးသလောက်တွေ

ဘာတွေ ပေါင်းထားလို့ပါလား၊

ငါကလည်း ငါးသလောက်ဆို ဖွတ်ကြိုက်၊

ဆရာဝန်တားထားပေမယ့် ငါလည်း

အခု သွေးမှမတိုးတော့တာ၊

www.burmeseclassic.com

www.burmeseclassic.com



အဝကြိုတ်ပစ်လိုက်မယ်ကွ"

ဦးကြွယ်ဟာ ထိုသို့ကျုံးဝါးရင်း ထမင်းကို အလျင်အမြန် ထည့်လိုက်တယ်။

ပြီးတော့ ... သူသိပ်ကြိုက်တဲ့ ငါးသလောက်ပေါင်းနဲ့ ထမင်းကို အားပါးတရ တဝကြီး စားပစ်လိုက်တယ်။

"အားပါး ... စားကောင်းလိုက်တာ၊

စားပြီးတာနဲ့ မျက်လုံးတောင် စင်းလာသလိုပဲ၊

အိပ်လို့တော့ မဖြစ်သေးဘူး၊

နန်းကို သွားရဦးမယ်"

ဦးကြွယ်ဟာ ထိုသို့ရေရွတ်ရင်း ဓာတ်မီးတစ်လက်နဲ့ ရွာထိပ်ဆီ ထွက်ခဲ့တော့တယ်။

❒❒❒

# အပိုင်း (၉)

www.burmeseclassic.com

www.burmeseclassic.com

အချိန်က ရှစ်နာရီလောက်ပဲ ရှိသေးပေမယ့် အမှော
ထုက ရွာလမ်းတစ်လျှောက် ကြီးစိုးနေတယ်။

ဦးကြွယ်ဟာ ဓာတ်မီးအလင်းရောင်နဲ့ အမှောင်ထု အာ
ပြုရင်း ရွာလမ်းအတိုင်း လျှောက်ခဲ့တယ်။



တစ်နေရာအရောက်မှာတော့ ...

"ဟင် ... ဟိုချုံနားမှာ ဘာပါလိမ့်၊
အရောင်က လက်နေသလိုပဲ"

ငင်းဟာ ထိုနေရာကိုချဉ်းကပ်ပြီး ကောက်ယူကြည့်လိုက်တယ်။

"ဟင် ... ပုလင်းလေးတစ်လုံးပါလား၊
ပုံစံလေးကလည်း လှတယ်၊
သိရအောင် ဖွင့်ကြည့်မှပဲ"

ဦးကြွယ်ဟာ ပုလင်းရဲ့အဖုံးကို ဆွဲဖွင့်ပြီး ကြည့်လိုက်တယ်။

"ဒါ ... အရက်ပုလင်းပဲ၊
ရွာထဲက အရက်သမားတွေရဲ့
ပုလင်းတော့ မဖြစ်နိုင်ဘူး၊
ဘာပဲဖြစ်ဖြစ် ... ဒါဟာ ငါနဲ့ထိုက်လို့ရတာ၊
ဒီလိုပုလင်းမျိုးက ကနားပွဲရောက်မှတွေ့ရတာ၊

www.burmeseclassic.com

www.burmeseclassic.com



အရက်တစ်လုံး အလကားရတာ

နည်းတာမှတ်လို့၊

အိမ်ရောက်မှ ဆွဲပစ်လိုက်ဦးမယ်”

သူဟာ ထိုသို့ရေရွတ်ရင်း ပုလင်းကို ခါးကြားထဲ ထိုး လိုက်တယ်။

ပြီးတော့ ... ရွာထိပ်ဘက် ဆက်လျှောက်ခဲ့တယ်။

ဆည်နားရောက်ခါနီးမှာတော့ မျက်နှာချင်းဆိုင် မောင်းလာတဲ့ လှည်းတစ်စီးကို တွေ့လိုက်တယ်။

လှည်း သူ့နားမလှမ်းမကမ်းမှာတော့ ဓာတ်မီးအလင်း ရောင်အောက် လှည်းပေါ်ရှိ လူတွေရဲ့မျက်နှာကို သဲကွဲစွာ တွေ့ လိုက်ရတယ်။

လှည်းမောင်းသူရဲ့နောက် ပခုံးဖက်ရင်း ပြုံးပျော်နေ စုံတွဲတစ်တွဲ။

ဦးကြွယ်တစ်ယောက် ခြေလှမ်းတုံ့ရင်း အံ့ဩမှင်တက် သွားမိတယ်။



လှည်းဘေးက ဖြတ်အသွားမှာတော့ ...

“နားလည်မှု မရှိဘူးလားကွ၊

ဓာတ်မီးကြီး ဒီလောက်ထိုးထားမှတော့

ရှေ့ဘာမှမမြင်ရဘူး၊ မျက်စိကြိမ်းတယ် ဟေ့လူ”

လှည်းသမားရဲ့မကျေနပ် ရေရွတ်သံက ဦးကြွယ်နား ခတိုး။

ဆည်ရှိရာကို အသက်ကင်းမဲ့သူတစ်ယောက်နှယ် လျှောက်သွားတယ်။

သူ့မျက်နှာတစ်ခုလုံး နီရဲနေသလို တင်းမာနေတယ်။

ဦးကြွယ်ဟာ ဆည်ကြီးရဲ့အစပ် ဘောင်လေးမှာ ထိုင်ချ လိုက်တယ်။

ပြီးတော့ ခါးကြားက အရက်ပုလင်းကို ဆွဲယူပြီး တစ်ငုံ ပြီးတစ်ငုံ သောက်ပစ်လိုက်တယ်။

“တောက် ... လုပ်ရက်လိုက်တာ သမီးမိုက်၊

ဖအေ့မျက်နှာ အိုးမည်းသုတ်ရုံတင်မကဘူး၊

www.burmeseclassic.com

www.burmeseclassic.com



လူကြားထဲ တစ်သက်လုံး တံတွေးခွက်

ပက်လက်မျောအောင် လုပ်တဲ့ဟာမ၊

ယူစရာလင် သိပ်ရှားတဲ့ကောင်မ၊

ဟိုကောင်ကလည်း ငါ့ကို အယုံသွင်းပြီး

ငါ့သမီးကို ယူတယ်၊

ရှက်ဖို့ကောင်းလိုက်တာကွာ၊

ရှက်တယ် ... သိပ်ရှက်တယ်၊

သတ်သေချင်လောက်အောင် ရှက်တယ် ...

ဟာကွာ”

ဦးကြွယ်တစ်ယောက် ပေါက်ကွဲရင်း အရက်ကို ဖိ သောက်ပစ်လိုက်တယ်။

သူ့ အတော်လေးမူးတဲ့ချိန်မှာတော့ အရက်ပုလင်းပစ်ချ ရင်း ထရပ်လိုက်တယ်။

“အား ... ငါ ... ငါ့ခေါင်းတွေ

သိပ်မူးနေပါလား၊



ဘာဖြစ်တာလဲဟ ... အား ...

ကျွတ် ... ကျွတ်”

ဦးကြွယ်တစ်ယောက် နားထင်ကို လက်နဲ့ထောက်ရင်း ဆန့်ချက်ပျက်သွားတယ်။

ရုတ်တရက် ကိုယ်ဟာ ယိုင်သွားပြီး ဆည်ကြီးထဲ ‘ဝုန်း’ ခနဲ ပြုတ်ကျသွားတော့တယ်။

နတ်နန်းက ဓာတ်စက်သံကြောင့် ဦးကြွယ် ဆည်ထဲ ပြုတ်ကျခြင်းကို ဘယ်သူမှ မရိပ်မိလိုက်ဘူး။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

## နောက်တစ်နေ့နံနက် ...

ဓီးတောရွာရှိ ဆည်ကြီးမှာ အိုးစည်ဗုံမောင်းသံတွေ ညံညံ စီနေသလို ... လူတွေလည်း စည်ကားနေတယ်။

ဒီနေ့ တော်သလင်းလပြည့်ကျော်ကိုးရက်ဖြစ်တာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကိုးသိန်းရှင် (ကျောက်ကြီး) မောင်နှမ ပူဇော်ပွဲကျင်းပ ချေတော့မည်။

လူတွေဟာ ကိုးသိန်းရှင်နတ်မောင်နှမအတွက် မုန့်ဖြူ မုန့်နီ၊ ပဲပုတ်၊ မျှစ်ချဥ်၊ ကြက်ရည်ချိုချက်၊ ငါးကြော်ကိုးကောင်၊ ကန်တော့ပွဲကိုးပွဲ … စသည်တို့ကို ပြင်ဆင်နေကြတယ်။

ထိုအချိန် ပဲသူဌေး ဦးကြွယ်ရဲ့နေအိမ်မှာတော့ …

"အမေရေ … အမေ … အမေ"

အိမ်ရှေ့ဆီက ခေါ်သံကြောင့် ဒေါ်ခက်တစ်ယောက် လန့်ဖျပ်သွားပြီး …

"ဟင် … ဒါ … ငါ့သမီးလေးအသံပါလား"

လို့ ရေရွတ်ပြီး ပြေးထွက်သွားတယ်။

"ဟယ် … သမီး …

သမီးလေး အိမ်ပြန်လာပြီနော်၊

အမေဖြင့် လွမ်းလိုက်ရတာ

သမီးရယ်"



ဒေါ်ခက်က ရင်ခွင်ထဲ ပြေးဝင်လာတဲ့ မပိုးအိမ်ကို ဖက်ထားလိုက်တယ်။

မပိုးအိမ်က မိခင်ရဲ့ရင်ခွင်ထဲ အားရအောင် ငိုရှိုက်ပြီးမှ

"အမေ … သူက သမီးရဲ့အမျိုးသားပါ"

သမီးဘေးကပ်နေတဲ့ ဒေါ်ခက်တစ်ယောက် ဒီအခါမှ အိမ်ဝရပ်နေတဲ့လူကို သတိပြုမိသွားတယ်။

ဒေါ်ခက်ဟာ သမက်ဖြစ်သူကိုကြည့်ရင်း မျက်လုံးပြူး မှင်တက်သွားရှာတယ်။

"သူ … သူက … မ … မာမိရှိန်"

"ဟုတ်ပါတယ် အမေ …

ကျွန်တော် မာမိရှိန်ပါ၊

မှတ်ပုံတင်နာမည်က မင်းကိုကိုပါခင်ဗျ၊

ကျွန်တော်ဟာ မျိုးရိုးစဥ်လာတာဝန်အရ

နတ်ကတဲ့ ကနားစီးဖြစ်ပေမယ့် …

မိန်းမလျာမဟုတ်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မပိုးအိမ်နဲ့ကျွန်တော် ရည်ငံခဲ့တာ

တစ်နှစ်ကျော်ပါပြီ၊ ခု ...

ကျွန်တော်တို့ ပြန်လာတာက

မပိုးအိမ်ကို မိသားဖသားပီပီ

ပြန်အပ်ဖို့ရယ်၊

ကျောက်ကြီးမောင်နှမနတ်ပွဲအတွက်ရယ်ပါ

ခင်ဗျ"

မာမီရှိန် (ခေါ်) မင်းကိုကိုရဲ့အပြောကြောင့် ဒေါ်ခတ်

တစ်ယောက် ပင့်သက်ရှိုက်လိုက်မိတယ်။

"ဖြစ်ပြီးမှတော့ ဘာမှပြန်ပြင်လို့မရဘူးကွဲ့၊

အခုက မင်းတို့အဖေ လက်ခံဖို့ပဲ၊

ကောင်းသလိုသာ စီစဉ်ကြပါကွယ်"

မိခင်ရဲ့စကားကြောင့် ဇနီးမောင်နှံဟာ ကျေနပ်သွားကြ

တယ်။

"ဒါနဲ့ အမေ ... အဖေရောဟင်"



"ညက အမေ နတ်နန်းက ပြန်လာတည်းက

မတွေ့မိဘူး၊ အမေပြန်လာတော့

ထမင်းဝိုင်းမှာလည်း ငါးသလောက်ပေါင်းတွေ

ကုန်သလောက်ပဲ၊

သူ့မှာ သွေးတိုးရှိတာ သမီးအသိပဲလေ၊

စိတ်ကြိုက်စားသောက်ပြီးမှ နန်းဆီသွားတာ၊

ကြည့်ရတာ ဟိုမှာပဲ ညလုံးပေါက်

ကူနေလားမှမသိတာ"

"ကျွန်တော်တို့ ညကတောင် လှည်းနဲ့

အမေတို့အိမ် လာသေးတယ်၊

အိမ်မှာလူမရှိလို့ ဟိုဘက်ရွာက

ကျွန်တော့်အိမ်ကိုပဲ ပြန်သွားကြတာလေ၊

အဖေနဲ့တွေ့ရအောင် နတ်နန်းကို

လိုက်သွားကြရအောင်"

ထိုအချိန်မှာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



"ကြီးတော်ခက် ... ကြီးတော်ခက်၊

ကိုယ်ကျိုးတော့ နည်းကုန်ပြီဗျို့"

အသံကျယ်ကြီးနဲ့ ပြေးဝင်လာတဲ့ ကိုအေးကိုကြောင့်

သူတို့အားလုံး ထိတ်ခနဲဖြစ်သွားတယ်။

"ဟဲ့ အေးကို ... ဘာဖြစ်သလဲ၊

ပြောစမ်းဟဲ့"

ဒေါ်ခက်က အလျင်စလို မေးလိုက်တယ်။

"အ ... အလောင်းကြီး ... ဆည်ထဲမှာ

ဘောလောပေါ်နေတယ်၊ ကျုပ်တို့ ...

ကျုပ်တို့ ... ဆယ်ကြည့်တော့ ...

ဦး ... ဦးကြွယ်ရဲ့အလောင်းကြီးဗျ"

ကိုအေးကိုရဲ့စကားကြောင့် ဒေါ်ခက်တစ်ယော

အသက်ရှူရပ်မတတ် တုန်လှုပ်သွားတယ်။

"ဘာ ... ငါ့ယောကျ်ားအလောင်း

ဟုတ်လား၊ မဖြစ်နိုင်ဘူး ... မဖြစ်နိုင်ဘူး၊

ကိုရင်ရေ ... ကိုရင်"

ဒေါ်ခက်တစ်ယောက် ဆောက်တည်ရာမဲ့ပြီး တိုက်ထဲ

က ပြေးထွက်သွားရှာတယ်။

ပိုးအိမ်တို့လင်မယားလည်း ၎င်းနောက်က ပြေးလိုက်

သွားကြတယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

ရွာထိပ်ပြဲဆည်ရှိ နတ်နန်းမှာ လူတွေရှိနေသလို ... ဆည်ရဲ့ဘောင်တစ်နေရာမှာတော့ ရွာသားအားလုံး စုပြုံကြတယ်။

ဒေါ်ခက်တို့သားအမိဟာ ...

www.burmeseclassic.com

www.burmeseclassic.com



လူ့အုပ်ကြား တိုးဝှေ့ဝင်လိုက်တယ်။

ဒီအခါ ရေတွေစိုရွှဲပြီး သေဆုံးနေတဲ့ ဦးကြွယ်ရဲ့ရုပ်အလောင်းကို ကြေကွဲဖွယ် မြင်လိုက်ကြရတယ်။

“ဆည်ဘောင်ပေါ်မှာ ခြေတော်မီးတစ်လက်နဲ့

အရက်ပုလင်းခွံ တွေ့တယ်ဗျို့၊

ကြည့်ရတာ ... ဦးကြွယ်ဟာ ဆည်ဘောင်မှာ

အရက်ထိုင်သောက်ရင်း ဆည်ထဲ

ပြုတ်ကျသွားတာပဲ ဖြစ်ရမယ်”

ရွာသားတစ်ယောက်ရဲ့အပြောကြောင့် ဒေါ်ခက်တစ်ယောက် ရင်ဘတ်စည်တီးရင်း ...

“အဖြစ်ဆိုးလှချည်လား ကိုရင်ကြွယ်ရဲ့၊

ကျွန်မတို့သားအမိကို စိတ်မချဘူးဆို၊

ခုတော့ ... ရှင်က အရက်တစ်လုံးနဲ့

ကျွန်မတို့ကို လဲသွားပြီလားတော့်၊

ဟင့် ... ဟင့် ... ဟင့်”



လို့ ရှိုက်ငိုသလို ပိုးအိမ်ကလည်း ...

“အဖေရယ် သမီးလင်နောက်လိုက်လို့

သိပ်စိတ်ပူနေတယ်ဆို၊ ခုတော့ ...

သမီးအလာကောင်းပေမယ့် အခါနှောင်းခဲ့ပြီပေါ့

အဖေရဲ့၊ အီးဟီးဟီး”

မာမီရှိန် (ခေါ်) မင်းကိုကိုက မိန်းမရဲ့ပခုံးကိုဖက်ရင်း

“ကဲပါ ပိုးရယ် ... ငိုနေလို့ ပြီးတဲ့အရာမှ

မဟုတ်တာ၊ ကိုယ်တို့အဖေရဲ့အလောင်းကို

အိမ်သယ်ပြီး စီစဉ်စရာရှိတာ

စီစဉ်ရအောင်ကွာ”

ဒီနောက်မှာတော့ ရွာသားတွေဟာ ဦးကြွယ်ရဲ့အလောင်းကို ရွာထဲသယ်ဆောင်သွားကြတယ်။

မမျှော်လင့်ဘဲ ဦးကြွယ်သေဆုံးတဲ့အတွက် တစ်ရွာလုံး တော်လန့်တုန်လှုပ်ကြသလို ထိုသတင်းက ပြောမဆုံးနိုင်အောင် ဖြစ်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



“ကျောက်ကြီးမောင်နှမပူဇော်ပွဲနေ့မှာ ...
ဆည်ထဲအလောင်းပေါ်တာ ရွာအတွက်
မကောင်းဘူး”
“ဟုတ်တယ်၊ တို့ဖိုးတောဆည်မှာ
စောင့်ရှောက်တဲ့ ကင်းသခင်မက
ဆည်ထဲအဝတ်ချွတ်ပြီး ရေချိုးတာတို့၊
လင်စုံမယားဖက် ဆည်ထဲရေချိုးတာတို့တောင်
ကြိုက်တာမဟုတ်ဘူး၊
ခု ... ဆည်ထဲ လူသေတော့ ...
အင်း ... တို့ရွာတော့ ...
ဘယ်လိုအန္တရာယ်ဆိုး ကျဦးမလဲ မသိပါဘူး၊
ရင်လေးမိပါတယ်ဟာ”
“ဟုတ်ပါတော် ... ဦးကြွယ်ကြီးကလည်း
အရက်သောက်တာ အိမ်မှာသောက်ပေါ့၊
ဆည်ဘောင်မှာ သွားသောက်တော့



မဖြစ်သင့်တာ ဖြစ်ကုန်ပြီ”
“ဒီလူကြီးသေတာ ကျွတ်ချင်မှ
ကျွတ်မှာနော်၊ ဒီလောက် ငွေမက်ပြီး
ချစ်တီးကျတဲ့ လူကြီး၊
သေတော့လည်း အစိမ်းသေ၊
ငါဖြင့် တွေးရင်း သူ့ကိုကြောက်လာပြီ”
“သူ့သမီးလည်း ကြည့်ဦးလေ၊
မြို့တက်ပညာတွေသင်ပြီး
ယူတော့ ကနားစီးနဲ့၊
မာမီရှိန်တို့ နှစ်ဖက်ချွန်ဆိုရင်တော့ ...
ပိုးအိမ်ဆိုတဲ့ကောင်မရဲ့ရှေ့ရေးက ...
ရင်လေးစရာပဲအေ့”
ရွာသူရွာသားတွေဟာ ဦးကြွယ် သေဆုံးခြင်းနဲ့ပတ်
သက်ပြီး ထိုသို့ပြောဆိုကြကုန်တယ်။

❐ ❐ ❐

www.burmeseclassic.com

# အပိုင်း (၁၂)

ဦးကြယ်ရဲ့ ရက်လည်မတိုင်ခင်ည . . .

ရွာမျက်နှာဖုံးသူဌေးဖြစ်တာကြောင့် ရက်လည်အတွက် မုန့်ဟင်းခါးချက်ခြင်းကို ရွာရှိလူအားလုံး လာရောက်လုပ်အားပေးကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရွာသူတွေဟာ ကြက်သွန်းလှီးသူ၊ ဘဲဥခွာသူ၊ ငါးအမှီး နှန်သူနဲ့ အလုပ်ရှုပ်နေကြတယ်။

နှစ်ထပ်တိုက်ကြီးရဲ့အပေါ်ထပ်မှာတော့ ဒေါ်ခက်ဟာ သမီးနဲ့သမက်ကိုခေါ်ပြီး ...

"အင်း ... ခုဆို ...

မင်းတို့အဖေလည်း မရှိရာတော့ဘူး၊

အမေတို့ ပဲလုပ်ငန်းဆိုတာကလည်း

မင်းအဖေပဲ အမြဲဦးဆောင်လုပ်ခဲ့တာကွဲ့၊

အမေဟာ လုပ်ငန်းအကြောင်း၊

ကုန်သည်တွေအကြောင်း၊

ဘာတစ်ခုမှ နားမလည်ပါဘူးကွယ်၊

ဒါ့ကြောင့် သမက်ကိုပဲ ...

သားလို အားကိုးပါရစေ"

လို့ ပြောလိုက်တဲ့အခါ ပိုးအိမ်တို့ဟာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြတယ်။



"အမေပြောတာ မှန်ပါတယ် အမေရယ်၊

ဒါပေမဲ့ ... ကျွန်တော်လည်း

အဖေ့ရဲ့အလုပ်တွေကို ဘာမှနားမလည်ပါဘူး၊

ပြီးတော့ ... ကျွန်တော်က

မျိုးရိုးစဉ်လာအရ ကနားစီးလုပ်မှ

ဖြစ်မှာမို့ပါ၊ ဒါ့ကြောင့် ...

ကျွန်တော့်ရွာက အိမ်လေးမှာပဲ

နေခွင့်ပြုပါ အမေ၊ ဒါပေမဲ့ ...

အမေ့ဆီ ကျွန်တော်တို့ မကြာမကြာ

လာမှာပါ"

"ဟုတ်ပါတယ် အမေရယ်၊

သမီးတို့ အမေနဲ့ အတူမနေနိုင်ပေမယ့်

လာပေးမှာပါ၊ ရွာချင်းကလည်း

နီးနေတာပဲ အမေရယ်၊

အမေ ဘာမှအားငယ်စရာ မလိုဘူးနော်"

www.burmeseclassic.com



သမီးနဲ့သမက်ရဲ့စကားကြောင့် ဒေါ်ခက်ဟာ သက်ပြင်းချရင်း ခေါင်းညိတ်လိုက်တယ်။

ဒီအချိန်မှာပဲ အိမ်ရဲ့သွပ်မိုးပေါ်က ...

"ဂလုန်း ... ဂလုန်း ... ဒုန်း"

ဆိုတဲ့ အသံကြီး ကြားလိုက်ရတယ်။

ဒေါ်ခက်တို့တွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိစဉ်မှာပဲ ရွာသားတွေ အပေါ်တက်လာပြီး ...

"ဘာသံလဲ ကြီးတော် ... ဘာဖြစ်တာလဲ"

လို့ မေးလာကြတယ်။

"ခေါင်းမိုးပေါ်က ကြားရတာပဲ၊

ဘာဖြစ်လဲတော့ မသိဘူးကွဲ့"

"ဒါ တစ်ယောက်ယောက် ခဲနဲ့

ပေါက်သလို အသံပဲ အမေရဲ့၊

နောက်ပြောင်တာဖြစ်မှာပါ"

ရှိန်ရဲ့အပြောကြောင့် ရွာသားတွေ ပြန်ဆင်းသွားတယ်။



ထိုအချိန် ငါးပြုတ်ရည်အိုးမွှေနေတဲ့ ကိုဖျောကြီးက ...

"ရှိန်ရေ ... ဟေ့ရှိန် ...

ဒီမှာ ထင်းနည်းနေပြီဟေ့၊

ငါ့ကို ထင်းထုတ်ပေးပါဦးကွ"

လို့ အပေါ်ကို လှမ်းပြောလိုက်တယ်။

အသံကြောင့် ရှိန်လည်း အောက်ထပ်ဆင်းလာပြီး နောက်ဖေးက ထင်းပုံဘက် လျှောက်သွားတယ်။

ထင်းထားတဲ့ တံခါးသော့ကိုဖွင့်ပြီး ထင်းတွေ အပြင်မှ သယ်လိုက်တယ်။

သူ့နောက်မှာ ကိုဖျောကြီး ရပ်နေတာသိတဲ့အတွက် ...

"ကဲ ... သယ်သွားတော့ ကိုဖျောကြီးရေ"

လို့ ပြောပြီး တံခါးသော့ကို ပြန်ပိတ်လိုက်တယ်။

သော့ခတ်ပြီးချိန်ထိ ထင်းမသယ်သေးတဲ့အတွက် ...

"အာ ...ဒီလူ သယ်သွားပါဆိုနေမှ"

လို့ပြောရင်း နောက်ကို လှည့်ကြည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့နောက်မှာ ဘယ်သူမှမရှိဘူး။

"ကိုဗျောကြီး ... ကိုဗျောကြီး၊

ဘယ်ရောက်သွားတာလဲဗျ ... ကိုဗျောကြီး"

"ဟ ... ရှိန်ရ ... ဘာလို့အော်နေရတာလဲ၊

ငါလာပါပြီကွ ... လာပြီ"

"ခင်ဗျားကို ထင်းသယ်ဖို့

ပြောနေတာကြာပြီလေ၊

ကျုပ်နောက်မှာ ရပ်နေရာက

ဘယ်ပျောက်သွားတာလဲဗျ"

ကိုဗျောကြီးက ခေါင်းကုတ်ရင်း ...

"ခုမှ ငါရောက်တာပါကွာ၊

မင်းနောက်မှာလည်း ရပ်မနေပါဘူး

တကယ်ပါ"

ကိုဗျောကြီးရဲ့စကားကြောင့် ရှိန်ဟာ တွေခနဲ့ဖြစ်သွားရ
တယ်။



"ပြီးတာပဲဗျာ၊ သယ်သွားတော့ ထင်းတွေ"

ထိုသို့ပြောပြီး အိမ်ပေါ်ပြန်တက်သွားတယ်။

အသုဘအိမ်ဖြစ်ခြင်းကြောင့် ဖဲဝိုင်းရှိ ကာလသားတွေ
အလည်း အကြိတ်အနယ်။

ကာလသားတွေဟာ အရက်ပုလင်းမှော့လိုက်၊ ဖဲရိုက်
လိုက်နဲ့ နတ်စည်းဓိမ်နီးပါး ဓိမ်ကျနေကြတယ်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၃)

ကုလားဒေါင်းချစ်ဖွယ်က ဝိုင်းကထွက်ပြီး ပေါ့သွားဖို့ ပြင်လိုက်တယ်။

အိမ်သာရောက်တော့ လူရှိနေတဲ့အတွက် ရပ်စောင့်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတဲ့အထိ ထွက်မလာတဲ့အတွက် ...

"ဟော့ ... အထဲက မြန်မြန်လုပ်၊

အသုဘအိမ်လာပြီး ဇိမ်ဆွဲပါမနေနဲ့ကွ၊

ဒုန်းဒုန်းဒုန်း"

ချစ်ဖွယ်က တံခါးကိုထုရင်း ပြောလိုက်တယ်။

ဒီအချိန်မှာပဲ အိမ်သာတံခါးကြီးက 'ကျွီ'ခနဲ ပွင့်သွား တယ်။

ချစ်ဖွယ်ဟာ ဆီးမထိန်းနိုင်တော့တဲ့အတွက် တံခါးပွင့် တာနဲ့ အတင်းဝင်ဖို့ ကြိုးစားလိုက်တယ်။

အိမ်သာကထွက်လာသူကို မော်ကြည့်မိတဲ့အခါ မားမား ကြီးရပ်ပြီး မျက်ထောက်နီကြီးနဲ့ စိုက်ကြည့်နေတဲ့ဦးကြွယ်။

"အောင်မယ်လေးဗျ ... သရဲ ... သရဲကြီး ... အား"

ချစ်ဖွယ်တစ်ယောက် အသံကုန်အော်ဟစ်ပြီး ပြေးတော့ တယ်။ ၎င်းကြောင့် အသုဘအိမ်ရှိ လူတွေ ထိတ်လန့်သွားကြ တယ်။



"သ ... သရဲ ... ဦးကြွယ်သရဲ၊

မျက် ... မျက်လုံးကြီးပြူးကြည့်နေတယ်၊

အိမ် ... အိမ်သာထဲမှာ ... အီးဟီး"

ချစ်ဖွယ်တစ်ယောက် ကြောက်လွန်းလို့ သေးပါထွက် ကျကုန်တယ်။

ဒေါ်ခက်နဲ့ရှိန်က အိမ်သာထဲ သွားကြည့်ပြီး ...

"ဘာမှမရှိပါဘူး ... မင်းသောက်တာများလို့ဖြစ်မယ်"

ရှိန်ရဲ့အပြောကို ဖဲဝိုင်းရှိလူတစ်ယောက်က ...

"ဦးကြွယ်ခြောက်တာ ဖြစ်နိုင်တယ်၊ ဒီကောင်က တစ်ချိန်လုံး ဦးလေးကြွယ်ကိုတပြီး ရိုက်နေတာဗျ၊ ဒါ့ကြောင့် ဒီတာ သူ့ကို အထင်အရှားပြလိုက်တာဖြစ်မယ်"

လို့ ဝင်ပြောလိုက်တယ်။

ချစ်ဖွယ်တစ်ယောက်ဆက်မနေဝံ့တော့ဘဲ အိမ်ပြန်ပြေး တော့တယ်။ ချက်ပြုတ်ရေးရှိ ရွာသူတွေဟာ ထိုအဖြစ်ကြောင့် ရင်တထိတ်ထိတ်ဖြစ်နေရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဗျောကြီးက ဟင်းအိုးမွှေနေရာက …

"ငါတော့ ချစ်ဖွယ်အခြောက်ခံရတာ

ယုံတယ်ဟ၊ ပထမ ခေါင်မိုးပေါ်က

ခဲပစ်သံလို အသံကြီး ကြားရတယ်၊

ထင်းယူတုန်းကလည်း ရှိန်က

သူ့နောက်မှာ လူတစ်ယောက်

ရပ်နေတယ်ပြောတယ်၊ ခုလည်း …

ချစ်ဖွယ်အခြောက်ခံရတယ်၊

ဦးကြွယ်ကြီးဟာ ဒီနားတစ်ဝိုက်မှာ

ရှိနေတာ သေချာပြီ"

ကိုဗျောကြီးအပြောကြောင့် ရွာသူတွေဟာ ဘေးဘီကို

ဝေ့ကြည့်ရင်း ကြက်သီးဖျန်းဖျန်း ထသွားကုန်တယ်။

"ဒင်းပြောမှ ကြောက်လာပြီ၊

ဟင်းအိုးပြီးရင် အိပ်ကြရအောင်နော်အေ့၊

ဘုရားသိကြားမလို့ ငါတို့



အခြောက်မခံရပါစေနဲ့"

မဂျမ်းက ကျန်လူတွေကို ထိုသို့ပြောလိုက်တယ်။

"ဟဲ့ … ရက်မလည်ခင်ထိ

သူ့ဝိညာဉ်က လျှောက်သွားနေမှာပဲ၊

နင်ကြောက်ရင် ဘုရားစာဆိုနေပေါ့"

ရွာသူရဲ့အပြောကြောင့် မဂျမ်းက မျက်နှာငယ်လေးနဲ့

"ဒါဆို … ငါ ဒေါ်လေးခက်ဆီမှာ

ရေမန်းတောင်းသောက်ထားလိုက်မယ်"

လို့ ပြောပြီး ဟင်းအိုးနားက ထသွားတယ်။

မဂျမ်းဟာ အောက်ထပ်ရှိ ဖဲဝိုင်းကိုဖြတ်ပြီး အပေါ်ထပ်

သို့ကားကို တက်ဖို့ ပြင်လိုက်တယ်။

အပေါ်ထပ်ရောက်တော့ ဧည့်ခန်းမှာ ဒေါ်ခက်ကို မတွေ့

သောကြောင့် ဘုရားစင်သွားပြီး ရေမန်းပုလင်းကို ယူလိုက်တယ်။

ဒီအခါမှာပဲ သူမရဲ့နောက်ကျောကို ဖျတ်ခနဲ ပုတ်တာ

ခံလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခက်ထင်ပြီး လှည့်ကြည့်လိုက်တော့ ဘယ်သူမှမရှိဘူး။

သူမတစ်ကိုယ်လုံး ကြက်သီးဖျန်းဖျန်းထသွားပြီး အောက်ထပ်ကို တဒုန်းဒုန်းပြေးဆင်းခဲ့တယ်။

ဟင်းချက်ရာကိုရောက်တော့ ...

"ငါ ... ငါ ... အခြောက်ခံလိုက်ရတယ်၊

ကြောက် ... ကြောက်လိုက်တာ"

လို့ ပြောရင်း မေ့မြောသွားရှာတယ်။

□□□

# အပိုင်း (၁၄)

www.burmeseclassic.com

www.burmeseclassic.com

# အထက်အပါအဖြစ်အပျက်များ ဖြစ်ပွားပြီး

(၁) လမျှကြာတဲ့အခါ ...

ဒေါ်ခက်တစ်ယောက် ယောက်ျားဖြစ်သူရဲ့ပဲလုပ်ငန်းကို

စွန့်လွှတ်ပြီး တိုက်ကြီးရဲ့အပေါ်ထပ်ကို လူငှားတင်လိုက်တယ်။



လူငှားက ကုန်သည်ပေါက်စတစ်ဦးပါ။

မိသားစုသုံးဦးသာရှိတဲ့အတွက် ဒေါ်ခက်လက်ခံခဲ့ခြင်းပါ။

ဒီနေ့က အိမ်ငှားတွေ စပြောင်းတဲ့နေ့။

လူလတ်ပိုင်းလင်မယားနဲ့ဆယ်နှစ်အရွယ်ကလေးတစ်ဦး။

သူတို့မှာ အဝတ်အစားအိတ်တွေကလွဲရင် ဘာပရိဘောဂမှ ပါမလာဘူး။

သူတို့ဟာ အိတ်တွေနေရာချပြီး ဒေါ်ခက်ကို လာတွေ့ကြတယ်။

"ဒေါ်လေးရေ ... ဒါက ကျွန်တော့်တို့

မိသားစုအကုန်ပါပဲ၊

ကျွန်တော့်နာမည်က ဒေါ်လေးသိပြီးသား

ကိုအုပ်စိုးပါ၊ ကျွန်တော့်ဇနီးက မသီတာ၊

သမီးလေးကတော့ သိမ့်လို့၊

နာမည်တစ်လုံးတည်း ပေးထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးရဲ့မိတ်ဆက်ပေးမှုကြောင့် ဒေါ်ခက်က ...

"အေးပါကွယ် ... လိုအပ်တာရှိလဲ

ဒေါ်လေးကိုပြောပါ၊ ကူညီပေးပါ့မယ်၊

လူလေးတို့လည်း ပင်ပန်းလာရောပေါ့ ...

နားချေကွဲ့"

လို့ ပြောလိုက်တဲ့အခါ သူတို့ဟာ ဒေါ်ခက်ကို နှုတ်ဆက်ပြီး အပေါ်ထပ် တက်သွားကြတယ်။

ထိုနေ့ ... ညရောက်ချိန်မှာတော့ ကိုအုပ်စိုးတို့မိသားစု ထူးဆန်းတဲ့အဖြစ်နဲ့ ကြုံလိုက်ရတယ်။

အချိန်က ညဆယ့်တစ်နာရီကျော်။

ပင်ပန်းတဲ့အရှိန်ကြောင့် အုပ်စိုးတို့မိသားစု အိပ်မောကျနေချိန်။

"ဒုန်း ... ဒုန်း ... ဒုန်း

ဒုန်းဒုန်းဒုန်း ... ဒုန်း ..."

ကျယ်လောင်တဲ့အသံကြောင့် အုပ်စိုး လန့်နိုးသွားတယ်။



"သီတာ ... သီတာ ... ထဦးကွ၊

ဘာအသံလည်း မသိဘူး ... ထ ... ထ"

"ဒုန်း ... ဒုန်း ... ဒုန်း"

သီတာ နိုးလာချိန်မှာပဲ အသံထပ်ကြားလိုက်ရတယ်။

"ဟုတ်တယ်နော် အစ်ကို၊

အောက်ထပ်မှာ ဒေါ်လေးများ

တစ်ခုခုဖြစ်နေရော့သလား၊

သီတာတို့ ဆင်းကြည့်ရအောင်"

လင်မယားနှစ်ယောက်သား အောက်ထပ်ဆင်းခဲ့ကြတယ်။

"ဒေါ်လေးရေ ... ဒေါ်လေး"

အအိပ်ဆတ်တဲ့ ဒေါ်ခက် နိုးသွားပြီး ...

"ဟဲ့ ... ဘယ်သူတုန်း"

လို့ လှမ်းအသံပြုလိုက်တယ်။

"ကျွန်တော်တို့ပါ ဒေါ်လေး၊

www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးပါ"

ဒေါ်ခက်က အိပ်ခန်းထဲက ထွက်လာပြီး ...

"ဘာဖြစ်တာလဲ လူလေးတို့၊

အိပ်လို့ အဆင်ပြေဘူးလားကွဲ့"

လို့ မေးလိုက်တယ်။

"အဆင်ပြေပါတယ် အဒေါ်၊

ခုနက တဒုန်းဒုန်း အသံကြားလိုက်လို့၊

ဒေါ်လေး တစ်ခုခုဖြစ်လားလို့ပါ"

အုပ်စိုးရဲ့အပြောကြောင့် ဒေါ်ခက် မျက်နှာကွက်ခနဲပျက်သွားတယ်။

"ဟို ... ဩော် ... ဘေးအိမ်က

ဖြစ်မှာကွဲ့၊ ဒီလိုပဲ ... ကြားနေကြပါကွယ်၊

ကဲ ... ကဲ ... ပြန်အိပ်ကြတော့"

အုပ်စိုးတို့လင်မယားလည်း အပေါ်ကို ပြန်တက်ခဲ့ကြတယ်။ နှစ်ယောက်သား အိပ်ရာပေါ် ပြန်လှဲရင်း ...



"ဘာပဲဖြစ်ဖြစ် မိန်းမရာ ...

ဒီအိမ်လေးမှာ နေရတာ

ကိုယ်တို့ ကံကောင်းပါတယ်၊

အသုံးဆောင်ပစ္စည်းတွေလည်း ပြည့်စုံတယ်၊

အိပ်ရတာလည်း အဆင်ပြေတယ်၊

ကိုယ်က မွေ့ရာမှာ အိပ်ရတာထက်

ခုလို ကွပ်ပျစ်မှာ ခြေဆန့်လက်ဆန့်

အိပ်ရတာ ပိုကြိုက်တယ်"

လို့ ပြောပြီး အိပ်ဖို့ ကြိုးစားလိုက်တယ်။

ချောက် ... ချောက် ... ချောက် ... ချောက်

နံရံကပ်နာရီကြီးဆီမှ အသံနဲ့အတူ အချိန်က မနက်သုံးနာရီထိုးအချိန် ... အုပ်စိုးတစ်ယောက် တစ်ရေးနိုးလာတဲ့အတွက် အိပ်ရာကထပြီး အိမ်သာဝင်ခဲ့တယ်။

အိမ်သာကပြန်ပြီး အိပ်ခန်းဘက်လျှောက်လာတော့ ဝရန်တာမှာ လူရိပ်တွေ့လိုက်တယ်။

www.burmeseclassic.com



ဒါ့ကြောင့် ဝရန်တာဘက် တိတ်တဆိတ်လျှောက်သွား

ပြီး ချောင်းမြောင်းကြည့်ရှုလိုက်တယ်။

ကျောပေးရပ်ပြီး ဆေးလိပ်ဖွာနေတဲ့လူတစ်ယောက်။

"ဟော့လူ ... ခင်ဗျား ဘယ်သူလဲ၊

ဘာလို့ ကျုပ်တို့အိမ်ပေါ် ရောက်နေတာလဲ၊

ဟော့လူ"

အုပ်စိုးက ပြောရင်း အိပ်ခန်းဘက်လှည့်ပြီး ...

"သီတာ ... သီတာ"

လို့ မိန်းမကို လှမ်းခေါ်လိုက်တယ်။

ချက်ချင်းဆိုသလို ပြန်ကြည့်လိုက်တော့ ဝရန်တာမှာ

ဘယ်သူမှ မရှိတော့ဘူး။ ဝရန်တာအောက်ကို ငုံ့ကြည့်တော့

လည်း ဘယ်သူမှမရှိဘူး။

ဒါ့ကြောင့် ဝရန်တာတံခါးပိတ်ပြီး စိတ်ပျက်စွာပဲ ပြန်

ဝင်ခဲ့ရတယ်။

❒❒❒

# အပိုင်း (၁၅)

www.burmeseclassic.com

www.burmeseclassic.com

"အဖြစ်အပျက်ကတော့ … အဲဒါပဲ

အဒေါ်ရယ်"

ဒေါ်ခက်က အုပ်စိုးရဲ့စကားကို နားထောင်ပြီး …

"အဒေါ်တို့ရွာလေးမှာက …



သူခိုးတွေ, ဘာတွေ မရှိဘူးကွဲ့၊

လူလေးဟာ ဝရန်တာအောက်

ငုံ့ကြည့်တော့လည်း ဘာမှမတွေ့ရဘူးဆိုတော့ …

အင်း … စဉ်းစားစရာတော့ ဖြစ်နေပြီ"

မသီတာက ဝင်ပြီး …

"အစ်ကို ခရီးပန်းတဲ့အရှိန်နဲ့

အမြင်မှားတာလည်း ဖြစ်နိုင်တာပဲ၊

ကျွန်မအမျိုးသားက တစ်ခါတလေ

အိပ်ပျော်နေရင်းတောင် လမ်းထလျှောက်တာရှင့်၊

ကဲပါ … ဒီကိစ္စ ပြောမနေပါနဲ့၊ အစ်ကိုလည်း

ကုန်သည်တွေဆီ သွားရဦးမယ်၊ ရေချိုးတော့နော်"

လို့ ပြောလိုက်တယ်။

လင်မယားနှစ်ယောက်ထွက်သွားတဲ့အခါ ဒေါ်ခက်တစ်

ယောက် သိသိသာသာ မျက်နှာပျက်ကျန်ရစ်ခဲ့တယ်။

ထိုစဉ်မှာပဲ … အိမ်ကို သမီးဖြစ်သူ ရောက်ရှိလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



မပိုးအိမ်က သူမ ယူလာတဲ့ စားဖွယ်တွေကို စားပွဲပေါ် တင်ရင်း ...

"ဒီမှာလေ အမေရဲ့ ... အမေ့သား
ကနားပွဲကရတဲ့ ကြက်ကြော်နဲ့၊
သစ်သီးတွေ လာပို့ပေးတာ၊
ဟင် ... အမေ မျက်နှာမကောင်းပါလား၊
အိမ်ငှားတွေနဲ့ အဆင်မပြေဘူးလားဟင်"
လို့ စိုးရိမ်တကြီး မေးလိုက်တယ်။
"အမေက ပြေပါတယ် သမီးရယ်၊
မပြောတာက အိမ်ငှားတွေပဲကွဲ့၊
သူတို့ ညက ကောင်းကောင်းမအိပ်ရဘူး၊
ငါ့သမီး သိပြီးသားကိစ္စပဲပေါ့"
မိခင်ရဲ့အပြောကြောင့် သူမပါ မျက်နှာနွမ်းသွားရတယ်။
"သမီးတို့လည်း လက်လှမ်းမီသလောက်
အားလုံး လုပ်ပြီးပြီပဲ အမေရယ်၊



ဘယ်လိုမှ လုပ်လို့မရတာ၊
ဘာတတ်နိုင်မှာလဲအမေ"
ဒေါ်ခက်က တစ်စုံတစ်ခုကို သတိရဟန်နဲ့ ...
"သမီးလာတာနဲ့ အတော်ပဲ၊
အမေ သမီးကို မေးစရာရှိတယ်၊
သမီးအဖေ ရှိစဉ်တုန်းက သူအပေါင်ခံခဲ့တဲ့
စာချုပ်နဲ့ လက်ဝတ်လက်စားတချို့ကို
အမေ လုံးဝရှာလို့မရဘူး၊
သူသိမ်းထားတဲ့နေရာများ သမီး သိလားကွယ်"
လို့ မေးလိုက်တယ်။
"ဩော် အမေရယ် ... အမေတောင်
မသိတာ၊ အဖေ ဘယ်မှာထားလဲဆိုတာ
သမီး ဘယ်လိုသိပါ့မလဲ"
"အမေလည်း သူရက်လည်ပြီးနောက်နေ့တည်းက
စာရင်းလုပ်ဖို့ ပစ္စည်းတွေစုတာလေ၊

www.burmeseclassic.com

www.burmeseclassic.com



တချို့ပျောက်နေသလို ခံစားရတယ်၊

တစ်အိမ်လုံးအနှံ့ သူထားတတ်တဲ့နေရာတွေ

ရှာပြီးပြီကွဲ့၊ မတွေ့ပါဘူးကွယ်"

"အမေ အထင်မှားတာလည်း ဖြစ်မှာပါ၊

ကဲပါ အမေရယ် ... တွေးမနေပါနဲ့တော့၊

အမေ ထမင်းမစားရသေးဘူး မဟုတ်လား၊

ပြင်ပေးမယ်နော်"

မပိုးအိမ်က ပြောဆိုရင်း မီးဖိုချောင်ဘက် ဝင်သွား... တယ်။ ထိုအချိန် အိမ်ပေါ်ထပ်ရှိ မသီတာဟာ ယောက်ျားအ... သွားတဲ့အတွက် အဝတ်တွေ လျှောက်ဖွတ်နေတယ်။

သိမ့်ဆိုတဲ့ ကလေးငယ်ဟာ ခုမှ အိပ်ရာနိုးတဲ့အ... အိပ်ခန်းထဲက ထွက်လာတယ်။

သူမဟာ မိဘတွေကို မတွေ့ရတဲ့အတွက် မျက်လုံး... သပ်ရင်း ရှာကြည့်လိုက်တယ်။

ဒီအခါ လေှကားမှာ ကျောပေးထိုင်နေတဲ့ လူ...



...ဘက်ကို မြင်တွေ့သွားပြီး ...

"ဖေဖေ ... လေှကားမှာ ဘာလုပ်နေတာလဲ ဖေဖေ"

လို့ ခေါ်ရင်း ပြေးသွားတယ်။

လေှကားနားရောက်တော့ ဘာမှမတွေ့ရတော့တဲ့အ... ...ာ် သူမ ဇဝေဇဝါဖြစ်သွားတယ်။

"သိမ့်လေး နိုးပြီလား၊

မေမေက အဝတ်လျှော်နေတာလေ၊

တစ်ယောက်တည်း ဘာတွေပြောနေတာလဲဟင်"

မိခင်ရဲ့စကားကြောင့် ကောင်မလေးက ...

"ဖေဖေ လေှကားမှာထိုင်နေလို့ သိမ့်လာတာ၊

ဒီရောက်တော့ ဖေဖေလည်း မရှိဘူး"

"ဩော် ... သမီးဖေဖေက စောကြီးတည်းက

ကုန်ဝယ်ဖို့ ထွက်သွားပြီလေ၊

...တဲ ... လာ မေမေ မျက်နှာသစ်ပေးမယ်"

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၆)

## နောက်တစ်နေ့ည ...

လကွယ်ညဖြစ်တာကြောင့် ဓိုးတောတစ်ရွာလုံး မှောင်မိုက်နေတယ်။

ညဆယ့်နှစ်နာရီကျော်အချိန်မှာတော့ ဓိုးတောရွာသား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ မောင်ကြီးနဲ့စိုးပေဟာ တစ်ဖက်ရွာကနေ ပြန်လာကြတယ်။

ငှင်းတို့ရဲ့ခြေလှမ်းတွေ ယိုင်နေသလို ပုလင်းတစ်လုံးတည်း ကိုင်ထားတယ်။

"ပွဲက ကောင်းနေပါမှ အိတ်ထဲမှာ

ငွေက ပြောင်းသွားတယ်ကွာ၊

ငါတွေ့သမျှ အသုဘဖဲဝိုင်းထဲမှာ ဒီမသာလောက်

ဝိုင်းကောင်းတာ မရှိဘူးဟ"

မောင်ကြီးက ပြောဆိုရင်း လက်ကျန်အရက်ကို မော့ချလိုက်တယ်။

"ဟာ ဟေ့ကောင် ... အကုန်မသောက်နဲ့လေ၊

ငါ မဝသေးဘူးကွ ... ပေးစမ်း"

စိုးပေက ဆွဲလုပြီး ပုလင်းကို မော့သောက်လိုက်တယ်။

"ဟ ... တစ်စက်တောင်မကျန်ဘူး၊

စောက်ကျင့်မကောင်းတဲ့ကောင်၊



မင်း အရက်ဝယ်တိုက်စမ်း"

စိုးပေရဲ့မကျေမနပ်အပြောကြောင့် မောင်ကြီးက ခေါင်းညာတ်လိုက်တယ်။

"ဒီအချိန်ကြီး ဘယ်မှာဝယ်မလဲကွ၊

မနက်မှ တိုက်မယ်ကွာ၊

ကျေနပ်လား"

"မရဘူးဟေ့ကောင် ... ခုပဲ သောက်ချင်တယ်၊

ခုတိုက်ကွာ၊ မတိုက်ရင် ...

ငါ့အဆိုးမဆိုနဲ့နော်"

မောင်ကြီးနဲ့စိုးပေဟာ တစ်ယောက်တစ်ပေါက်ပြောဆိုရင်း ဆည်ထိပ်ကို ရောက်လာကြတယ်။

မောင်ကြီးက ဆည်ရဲ့တစ်နေရာကို မြင်သွားပြီး ...

"ဟေ့ စိုးပေ ... ဟိုမှာကြည့်စမ်း၊

ဆည်မှာ လူတစ်ယောက် ထိုင်နေတယ်ကွ၊

ဘယ်သူလည်းမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တဲ့အခါ စိုးပေက ...

"အာ ... ဒီချိန် လမ်းပေါ်မှာရှိနေရင် ...

ငါတို့လို ငမူးနဲ့၊ အရူးပဲ ဖြစ်မှာပေါ့ကွ၊

ဟ ... ငါသိပြီ၊ ငမူးဆိုရင်တော့

အရက်ကပ်သောက်လို့ရပြီ၊

လာကွာ ... သွားကြည့်ရအောင်"

လို့ ပြောပြီး မောင်ကြီးကို ဆွဲခေါ်သွားတယ်။

ဇီးတောဆည်ကြီးရဲ့ဘောင်မှာ အရက်ထိုင်သောက်နေ တဲ့ လူတစ်ယောက်ရဲ့နောက်ကျော။

အရက်သမားနှစ်ယောက်ဟာ အနီးကို ချဉ်းကပ်သွားပြီ ထိုလူရဲ့ဘေး ဝင်ထိုင်လိုက်ကြတယ်။

လကွယ်ညမို့ ထိုလူရဲ့မျက်နှာကို သေချာမမြင်ရဘူး

"ကိုယ့်လူက တစ်ယောက်တည်း

ကောင်းနေတယ်ပေါ့၊ ကျုပ်တို့

အဖော်လုပ်ပေးမယ်ဗျာ၊



နည်းနည်းလောက် တိုက်ပါလားဟင်"

စိုးပေက မောင်ကြီးကို လက်လှမ်းတို့ပြီး ပြောလိုက် တယ်။

ထိုလူက သူတို့ကို လှည့်မကြည့်ဘဲ အရက်ပုလင်းကို လှမ်းပေးလိုက်တယ်။

မောင်ကြီးနဲ့စိုးပေလည်း ဝမ်းသာအားရနဲ့ အရက်ကို အငမ်းမရမော့သောက်ပစ်လိုက်တယ်။

"အားပါး ... ကောင်းလိုက်တဲ့အရက်ကွာ၊

ဒါ နိုင်ငံခြားဖြစ်ပဲကွ၊ ဒါမျိုးသောက်နိုင်တဲ့လူ

တို့ရွာမှာ မရှိဘူးကွ"

စိုးပေက လေသံနဲ့ တီးတိုးပြောလိုက်ပြီး အရက်ကို ထပ် မော့လိုက်တယ်။

ဒီအခါမှာပဲ ...

"ဘာ ... လို့ ... ဒီရွာမှာ ... ဒါမျိုး

အရက်သောက်နိုင်တဲ့လူ ... မရှိရမှာလဲကွ၊

www.burmeseclassic.com

www.burmeseclassic.com



သိပ် ... ရှိ ... တာပေါ့ ...

အေး ... သောက်နိုင်တဲ့ ... လူက

ငါ ... ဦးကြွယ်ပဲကွ"

ကြားလိုက်ရတဲ့အသံကြောင့် စိုးပေဟာ အရက်သီးသွားပြီး ...

"ဦး ... ဦးကြွယ် ... ဟုတ် ...

ဟုတ်လား"

လို့ ကတုန်ကယင်သံနဲ့ မေးလိုက်တယ်။

ထိုင်နေသူရဲ့မျက်နှာကြီးက သူတို့ဘက် တဖြည်းဖြည်းလှည့်လာတယ်။

မောင်ကြီးနဲ့စိုးပေဟာ မျက်နှာကြီးကို မျက်လုံးပြူးနဲ့ကြည့်ရင်း ...

"ဦး ... ဦး ... ကြွယ် ... သ ... သရဲ

ဟာ ... အား"

လို့ ရေရွတ်ပြီး တစ်ချိုးတည်း ထ,ပြေးတော့တယ်။



မောင်ကြီးနဲ့စိုးပေဟာ မူးတဲ့အရှိန်ရော ကြောက်တဲ့အရှိန်ပါ ရောပြီး ရွာလမ်းမမှာတင် လဲကျသွားရှာတော့တယ်။

မိုးလင်းချိန်ရောက်မှ လှည်းသမားတစ်ဦးက သူတို့ကို မြင်ပြီး မနည်းနှိုးယူရတယ်။

"ဟော့ကောင်တွေ ... ထ ... ထ၊

မူးရူးပြီး လမ်းမှာအိပ်ရတယ်လို့ ...

ထစမ်းဟော့"

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)

**စိုးပေနဲ့မောင်ကြီးဟာ** မျက်လုံးပွင့်သည်နှင့် ပြိုင်နက် ...

"အောင်မယ်လေးဗျ၊ ဦးကြွယ်သရဲ ...

သရဲကြီးဦးကြွယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ လှည်းသမားကို လက်ညှိုးထိုး အော်ဟစ်လိုက်
တယ်။

"အာ ... ဒီကောင်တွေ မူးမူးနဲ့
လျှောက်အော်နေတယ်၊
ငါ သံလုံးကွ ... သံလုံး၊
သေချာဖြဲကြည့် မင်းတို့မျက်လုံးတွေ"

ဒီအခါမှ အမူးသမားနှစ်ယောက်ဟာ သံလုံးကို ပြ
ကြည့်ရင်း ...

"ကို ... ကိုသံလုံး ... ကျုပ်တို့
သရဲခြောက်ခံရတယ်"

လို့ စိုးပေက ပြောလိုက်တယ်။

"ဘာ ... ဘယ်ကသရဲလဲ၊
စောစောစီးစီး လျှောက်မပြောနဲ့ကွ၊
မင်းတို့တွေတော့ကွာ"

"တ ... တကယ်ပါ ကိုသံလုံးရယ်၊



ညက ကျုပ်တို့ ဟိုဘက်ရွာ ဖဲဝိုင်းက
မူးပြီး ပြန်လာတာ ... ဆည်နားရောက်တော့"

လို့ အစချီပြီး မှောင်ကြီးက ရှင်းပြလိုက်တယ်။

ဒီနောက်မှာတော့ ... လှည်းသမားသံလုံးကတစ်ဆင့် စိုးပေတို့ကို ဦးကြွယ်ကြီး ခြောက်လှန့်တဲ့သတင်းက ဇီးတော တစ်ရွာလုံး ပျံ့နှံ့သွားတယ်။

ထိုသတင်းဖြန့်ချိရေးကို တာဝန်ယူသူက သံလုံးရဲ့မိန်းမ မဂျမ်း။

မဂျမ်းဟာ တစ်အိမ်တက်ဆင်း သတင်းဖြန့်ရင်း ကိုအေးကိုတို့အိမ် ရောက်သွားတယ်။

ကိုအေးကိုဟာ ထိုသတင်းကြားသိတဲ့အခါ ...

"အင်း ... ဦးကြွယ်ကြီးက ...
သေတော့ အစိမ်းသေ၊ လူ့ဘဝမှာတုန်းကလည်း
နတ်ပွဲပေးတာကလွဲရင် ဘာကောင်းမှုမှမလုပ်ဘူး၊
ဒါတောင် ရက်လည်ဆွမ်းရော၊

www.burmeseclassic.com

www.burmeseclassic.com



လပြည့်ဆွမ်းပါ သူ့မိသားစုက
သွပ်ပေးပြီးပြီ၊ ဘာကြောင့် ...
မကျွတ်လွတ်လဲဆိုတာ စဉ်းစားစရာပဲဟ၊
နင်ရောသိလား မဂျမ်းရ”
ကိုအေးကိုရဲ့စကားကြောင့် မဂျမ်းတစ်ယောက် မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ...
“အမယ်လေးတော် ... ကျုပ်က သေမှ
မသေသေးဘဲတော့၊ ဘယ်သိပ့်မလဲ၊
ရှင်သိချင်ရင် ဦးကြွယ်နောက်လိုက်ပြီး
မေးကြည့်၊ စောစောစီးစီး ...
ဘာတွေပြောမှန်းမသိဘူး ... ဖွဟဲ့”
လို့ပြောပြီး ခြေဆောင့်နင်းထွက်သွားတော့တယ်။
မဂျမ်းထွက်သွားတဲ့အခါ ဇနီးဖြစ်သူက ...
“ကိုအေးကိုရေ ... ကျွန်မ
ဈေးရောင်းထွက်တော့မယ်၊



ကိုယ့်တာဝန် ကိုယ်သိတယ်နော်၊
ပြန်လည်း အိပ်မနေနဲ့ဦး ... ကြားလား”
လို့ ပြောရင်း ဈေးဗန်းကို ခေါင်းပေါ်တင်လိုက်တယ်။
“အေးပါ မိန်းမရာ၊ နေ့စဉ်လုပ်နေရတဲ့
အလုပ်ကို သိပါတယ်ဟ၊ သွား ... သွား
မင်း နောက်ကျနေလိမ့်မယ်”
မိန်းမဖြစ်သူ ထွက်သွားတဲ့အခါ ကိုအေးကိုဟာ အဝတ်နဲ့ ကြမ်းသုတ်လိုက်တယ်။
“ဩော် ... စီးပွားမရှာနိုင်တော့လည်း
ငါ့အလုပ်က ကြမ်းတိုက်၊ ထမင်းအတိုးတည်၊
ထင်းခွဲပါပဲလား၊ ဘဝ, ဘဝ ... ဆိုးလိုက်တဲ့ ငါ့ဘဝ၊
ဝါး ... အိပ်ရေးကလည်း မဝဘူး၊
အိပ်ချင်လိုက်တာ”
ကိုအေးကိုဟာ ကြမ်းတိုက်ဝတ်ကို ဘေးချပြီး ကြမ်းပေါ်မှာလေး အိပ်ပျော်သွားတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လောက်ကြာအောင် အိပ်ပျော်သွားလဲမသိဘူး

သူ့ဖင်ကို ကန်နိုးခံလိုက်ရတယ်။

"ဟေ့ကောင် အေးကို ... ထစမ်း"

မာထန့်တဲ့အသံကြီးကြောင့် သူဟာ အင့်,ခနဲ ရေရွတ်ရင်း မျက်လုံးဖွင့်လိုက်တယ်။

သူ့ကို မားမားကြီးရပ်ပြီး စိုက်ကြည့်နေတဲ့လူတစ်ယောက် ...

"အိပ်နေတဲ့ဟာ ဘာလို့နိုးတာလဲဗျ"

"ငါ့မျက်နှာ သေချာကြည့်စမ်း၊ ဟေ့ကောင်"

ကြားဖူးသလိုရှိတဲ့အသံကြောင့် ကိုအေးကိုဟာ မျက်လုံးပွတ်သပ်ကြည့်မိတယ်။

သူ ခေါင်းမွေးထောင်မတတ် ထိတ်လန့်သွားပြီး —

"ဟင် ... ခ ... ခဗျား ... ဦးကြွယ်"

"အေး ... ငါ ဦးကြွယ်ပဲ၊

ကျောက်ကြီးမောင်နမရဲ့ပွဲနေ့မှာ

သေခဲ့တဲ့ ဦးကြွယ်ပဲကွ၊

မင်းကိုငါ ဘာပြောခဲ့သလဲကွ၊

ဘာလို့ ခုထိ အိမ်ပေါ်က မဆင်းသေးသလဲ"

ကိုအေးကိုတစ်ယောက် ခေါင်းနပန်းကြီးသွားပြီး ...

"ဟို ... ဟို ... ဒေါ်လေးခက်ကို

ပြောပြီးပါပြီ ဦးကြွယ်ရယ်၊

ဒေါ် ... ဒေါ်လေးခက် ... လက် ...

လက်ခံလို့ ဆက်နေနေတာပါခင်ဗျ၊

နေ ... နေခွင့်ပေးပါနော် ... မိန်းမဘက်က

အမွေရဖို့ နီးနေပါပြီခင်ဗျ၊ မ ... မကြာခင်

အကြွေးတွေ ပြန်ဆပ်နိုင်တော့မှာပါ ဦးလေးရယ်"

ကိုအေးကိုရဲ့အပြောကို ဦးကြွယ်က မျက်ထောင့်နီကြီးနဲ့

"မလိုချင်ဘူး ... ငါ့အကြွေးမပေးနိုင်တဲ့အတွက်

ဒါ ... ငါ့အိမ်ဖြစ်သွားပြီ၊ ချက်ချင်းဆင်းစမ်း"

"မ ... မလုပ်ပါနဲ့ ဦးကြွယ်ရယ်၊

www.burmeseclassic.com

www.burmeseclassic.com



နေစရာမရှိလို့ပါခင်ဗျ ... အချိန်

နည်းနည်းပဲပေးပါနော်၊

တောင်းပန်ပါတယ် ... တောင်းပန်ပါတယ်"

"လက်မခံဘူး၊ မင်း မဆင်းရင်

ငါ့အကြောင်း သိရစေမယ်ကွ၊

မင်းကို ကုပ်ချိုးသတ်ပစ်မယ်၊

သတ်ပစ်ရမယ်ကွ"

ဦးကြွယ်ရဲ့လက်ကြီးတွေ ရှည်ထွက်လာပြီး သူ့လည်ပင်းကို ညှစ်ဖို့ ပြင်တယ်။

မျက်လုံးကြီးတွေက သွေးကြောတွေပေါက်ထွက်မတတ်ရဲတွတ်လာတယ်။

ကိုအေးကိုဟာ သွေးပျက်လောက်အောင် ချောက်ချားသွားပြီး ...

"မလုပ်ပါနဲ့ ... မလုပ်ပါနဲ့ ...

အ ... အ ... အား"



လို့ အော်ဟစ်ပြီး ရုန်းကန်လိုက်တယ်။

လည်မျိုကိုညှစ်ထားတဲ့ လက်တွေက ပိုမိုတင်းကျပ်လာတဲ့အတွက် သူဟာ ရှိသမျှအားကုန်ဆောင့်ရုန်းပြီး အိမ်အောက်ပြေးဆင်းလိုက်တယ်။

ဦးကြွယ်ဟာ သူ့နောက် လှမ်းခနဲ ခုန်အုပ်လိုက်တဲ့အတွက် နှစ်ယောက်သားလုံးထွေးသွားတော့တယ်။

ကိုအေးကိုတစ်ယောက် တဖြည်းဖြည်း အသက်ရှူကျပ်လာတယ်။

"အ ... အ ... အစ်"

ရှိသမျှအင်အားနဲ့ မကောင်းဆိုးဝါးရဲ့လက်တွေကိုဆယ်ရှားလိုက်တယ်။

ဒီအချိန်မှာပဲ သူ့ပါးနှစ်ဖက်လုံး ပူထူသွားပြီး ...

"ကိုအေးကို ... တော့ ကိုအေးကို"

ဆိုတဲ့ အသံကြားလိုက်ရတယ်။

ပြူးကြောင်ကြောင်မျက်လုံးနဲ့ ကြည့်လိုက်တော့ ဇနီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သူဟာ သူ့ကို ပါးထပ်ရိုက်ဖို့ လက်ရွယ်နေတာတွေ့လိုက်ရ တယ်။

"မိန်း ... မိန်းမ ... ငါ ... ငါ ...

သရဲခြောက်ခံရတယ်၊ မော ... မောတယ်၊

ရေ ... ရေလေးတိုက် ... တိုက်ပါ"

"ဘာပြောတယ်၊ အိမ်ပေါ်မှာ အိပ်တာ

အားမရဘဲ မြေကြီးထဲ ဆင်းအိပ်တဲ့လူကို

ဘာမှမတိုက်နိုင်ဘူး၊ ရှင့်အလုပ်တွေ

ပြီးပလား"

"မ ... မပြီးသေးဘူး မိန်း ... မိန်းမရ၊

ကြမ်းတိုက်ရင်း အိပ်ပျော်သွားလို့"

ကိုအေးကိုရဲ့စကားဆုံးတဲ့အခါ ဇနီးသည်ရဲ့ ...

"ဘာပြောတယ်" ဆိုတဲ့အသံကြီးကို ကျယ်လောင်စွာ ကြားလိုက်ရတော့တယ်။

□□□

# အပိုင်း (၁၈)

www.burmeseclassic.com

www.burmeseclassic.com

## တတိယသာ ...

ညလေရဲ့တိုက်ခတ်မှုအောက် အုပ်စိုးတို့မိသားစုဟာ ပြတင်းပေါက်ဖွင့်ရင်း နှစ်ခြိုက်စွာ အိပ်မောကျနေကြတယ်။

"မမေ ... မမေ ... သိပ်ဗိုက်နာတယ်၊



အိမ်သာပို့ပေးပါ မမေ"

ကလေးငယ်က မိခင်ကို လှုပ်နှိုးရင် ပြောလိုက်တယ်။

မသီတာလည်း အိပ်ရာထပြီး သမီးကို အိမ်သာလိုက်ပို့ပေးလိုက်တယ်။

ထိုအချိန်မှာပဲ ဆွဲငင်စွာ အူလိုက်တဲ့ ခွေးအူသံကြီးနဲ့အတူ အိပ်ခန်းရှိ ပြတင်းတံခါးဟာ ကျွီခနဲ ပိတ်သွားတယ်။

ကွပ်ပျစ်ရှိ အိပ်ရာပေါ်မှာတော့ အုပ်စိုးတစ်ယောက်တည်း အိပ်မောကျနေတယ်။

ထိုအခိုက်မှာပဲ ... တစ်စုံတစ်ယောက်က အားပြင်းပြင်းနဲ့ ဆောင့်ကန်လိုက်တဲ့အတွက် အုပ်စိုးဟာ နံရံဘက် အရှိန်နဲ့ လိမ့်သွားတယ်။

တင်ပါးဆီမှ နာကျင်မှုနဲ့အတူ အထိတ်တလန့် နိုးသွားပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်တယ်။

"ဟာ ... ဘာဖြစ်တာလဲ၊

ငါ့ကို ဘယ်သူဆောင့်ကန်တာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့မိန်းမနဲ့ကလေးရော ...

သီတာရေ ... သီတာ"

အတွေးနဲ့အတူ အော်ခေါ်လိုက်တယ်။

"ဘာလို့ ဒီလောက်ခေါ်နေတာလဲ အစ်ကိုရယ်၊

သမီး အိမ်သာတက်ချင်တယ်ဆိုလို့ ပို့ပေးနေတာ"

"အိမ်ထဲမှာ တစ်ယောက်ယောက် ရှိပုံရတယ်၊

ကိုယ်အိပ်နေတုန်း ကိုယ့်ကိုလာပြီး

ဆောင့်ကန်တယ် သီတာ"

ယောကျ်ားရဲ့အပြောကြောင့် သီတာတစ်ယောက် မျက်လုံးတွေ ဝိုင်းစက်သွားရတယ်။

"ဘယ်လို ... ဆောင့်ကန်ခံရတယ်၊

ဟုတ်လား၊ မယုံနိုင်စရာပဲ ကိုရယ်၊

အိမ်ထဲမှာလည်း ဒေါ်လေးခက်ကလွဲရင်

ဘယ်သူမှမရှိပါဘူး"

"တကယ်ပါ မိန်းမရာ၊ ကိုယ့်တင်ပါးတွေ



ခုထိ နာနေတုန်း၊ ဆေးလူးမှရမယ်ထင်တယ်"

သီတာက ယောကျ်ားဖြစ်သူကို မှောက်စေပြီး ကြည့်လိုက်တယ်။

"ဟယ် ... တ ... တကယ်ပဲ ...

ကို့တင်ပါးမှာ ... ခြေ ... ခြေဖဝါးရာကြီးပါလား၊

ထူးဆန်းတယ်ကိုရဲ့၊ ခြေရာက အကြီးကြီးပဲ၊

မ ... မဟုတ်မှလွဲရော ... ဒါ ... ဒါ ...

အပမှီတာ"

မိန်းမရဲ့စကားကြောင့် အုပ်စိုးပါ လန့်ဖျပ်သွားမိတယ်။

"ဘာ ... ခြေရာက အကြီးကြီး ဟုတ်လား၊

သေချာရဲ့လား မိန်းမရယ်"

သီတာက စားပွဲတင်မှန်လေးယူပြီး ...

"ကဲ ... ကိုယ့်ဟာကိုယ်သာကြည့်"

အုပ်စိုးတစ်ယောက် မှန်ထဲကကြည့်ရင်း မျက်လုံးပြူးသွားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ သူ့တင်ပါးမှာ ခြေထောက်ရာက အကြီးကြီး

"ဒါ ... ဒါ ... ဘယ်လိုဖြစ်တာလဲ၊

ဘာဖြစ်တာလဲ"

လို့ ရေရွတ်လိုက်မိတယ်။

"ဒါဟာ အမှောင့်နှောင့်တာပဲ အစ်ကို၊

ဒဏ်ကျေဆေးလူးလို့ မပျောက်ဘူး၊

အမှောင့်နိုင်တဲ့ဆရာ ကုမှရမှာ"

အုပ်စိုးက တွေးတွေးဆဆဟန်နဲ့ ...

"ဒီလိုဖြစ်ရအောင် ကိုယ်

ဘယ်နေရာမှာမှ အမှားမလုပ်မိဘူး၊

အဲဒါသေချာတယ်၊ ဒီအိမ်မှာများ ...၊

ဒီအိမ်ကြီးမှာ တစ်ခုခုရှိနေပြီထင်တယ် သီတာ"

ယောကျ်ားဖြစ်သူရဲ့အပြောကြောင့် သူမ အသက်ရှူရှိုက်

မတတ် ထိတ်လန့်သွားရတယ်။

"ဘယ်လို ... ဒီအိမ်မှာ ဟုတ်လား၊



ဒါကို သီတာ လုံးဝမတွေးမိဘူး၊

ဖြစ်နိုင်ပါ့မလား အစ်ကို"

"ဖြစ်နိုင်ချေတော့ရှိတယ် သီတာ၊

ပထမည ... ကိုယ်တို့ တဒုန်းဒုန်းသံကြီး

ကြားလိုက်ရတယ်၊ ပြီးတော့ ...

ကိုယ် ဝရန်တာမှာ လူတစ်ယောက်ရပ်နေတာ

မြင်ခဲ့တယ်၊ အခု ... ကိုယ် လူမရှိဘဲနဲ့

ဆောင့်တွန်းခံရတယ်၊ ဒါတွေအားလုံး

တွေးကြည့်ရင်း လူမဟုတ်ဘဲ မကောင်းဆိုးဝါး

ဝိညာဉ်ဆိုတာ ခန့်မှန်းလို့ရတယ်ကွ"

"ဒါဆို ... သီတာတို့ ဘာလုပ်ကြမလဲဟင်၊

သမီးကလည်း သိပ်ငယ်သေးတော့

အရမ်းစိတ်ပူနေပြီ အစ်ကို"

အုပ်စိုးက သက်ပြင်းချရင်း ...

"လောလောဆယ်တော့ ဘာမှလုပ်လို့မရဘူး

www.burmeseclassic.com

www.burmeseclassic.com



သီတာ၊ မီးစင်ကြည့်ကရမှာပဲကွ၊

သိပ်လည်း ကြောက်မနေပါနဲ့၊ ကဲ ...

ပြန်အိပ်ကြရအောင်၊ ဟိုမှာ သမီးမအိပ်သေးဘူး"

လို့ပြောပြီး အိပ်ဖို့ ပြင်လိုက်ကြတယ်။

အိပ်ပျော်စဉ်ခဏမှာပဲ အုပ်စိုးရဲ့ကျောကို ဘုန်းခနဲထုတာ ခံလိုက်ရတယ်။

လန့်ဖျပ်ပြီး ကြည့်လိုက်တော့ ပုဆိုးကွက်ကြားဝတ်ထားတဲ့ လူကြီးတစ်ယောက်။

"ခင် ... ခင်ဗျာ ဘယ်သူလဲ ... ဘယ်သူလဲ"

လူကြီးက မျက်ထောင့်နီကြီးနဲ့ သူ့ကို စူးစိုက်ကြည့်နေတယ်။

မလှုပ်မယှက်တောင့်တောင့်ကြီး ရပ်နေရာက အသံကြီးကို ကြားလိုက်ရတယ်။

"ငါ့ကို ... ဘယ်သူလဲမေးစရာ ...

အကြောင်းမရှိဘူးဟေ့၊ ဒါ ... ငါ့နေရာ ...



ငါ့နေရာက ထွက်သွားကြ ...

နင်တို့အားလုံးမျက်နှာ ငါမမြင်ချင်ဘူး၊

ဒါ ... နင်တို့ကို သတိပေးတာ ...

ပြောတဲ့အတိုင်း မလုပ်ရင် ငါ့အဆိုးမဆိုနဲ့"

ထိုသို့ ကြောက်မက်ဖွယ်အသံကြီး ကြားပြီးနောက် လူကြီးဟာ သူ့ရှေ့က ပျောက်သွားတယ်။

အုပ်စိုးလည်း အိပ်မက်လို တကယ်လိုအဖြစ်ကြီးကြောင့် ရင်တစ်ခုလုံး တုန်ယင်နေတယ်။

ဒါ့ကြောင့် အိပ်ရာဘေးရှိ ရေဘူးကိုလှမ်းယူပြီး အငမ်းမရ မော့သောက်လိုက်တယ်။

"အိပ်မရဘူးလား အစ်ကို"

သီတာ့အမေးကြောင့် ရေဘူးချရင်း ...

"အိပ်လို့ရပါတယ်၊ ဒါပေမဲ့ ...

ကိုယ် အိပ်မက်လို၊ တကယ်လို

ကြုံလိုက်ရတယ်၊ ပုဆိုးကွက်ကြားဝတ်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတစ်ယောက်၊ ကိုယ့်နားလာပြီး

ဒီကထွက်သွားဖို့ ပြောတယ်၊

ဒါ သူ့နေရာတဲ့၊ ပြောတဲ့အတိုင်းမလုပ်ရင်

သူ့အဆိုးမဆိုနဲ့တဲ့ကွာ”

လို့ ပြောလိုက်တဲ့အခါ သီတာဟာ မျက်လုံးပြူးသွားရှာ

တယ်။

“ဒါဆို ... သူက သီတာတို့နားမှာပဲ

ရှိနေတာပေါ့၊ ပြန်မအိပ်ခင်တုန်းက

ကိုယ်ပြောတာတွေ သူကြားလို့ ...

လာပြီး သတိပေးတာနေမယ် ... ဟင်း

သီတာတော့ ရင်တောင်တုန်တယ် အစ်ကိုရယ်”

❒❒❒

# အပိုင်း (၁၉)

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ရောက်တော့ အုပ်စိုးဟာ
ပဲကောက်ဖို့ကိစ္စနဲ့ အပြင်ထွက်ခဲ့တယ်။

ရွာလမ်းတစ်နေရာရောက်တော့ သူ့ကို တစ်ယောက်
ယောက် လှမ်းခေါ်တာ ခံလိုက်ရတယ်။



သူမသိတဲ့ လူတစ်ယောက်က သူ့ကို လှမ်းခေါ်ခြင်းပင်။

"နေပါဦးဗျ ... ကျုပ် ခင်ဗျားကို မသိဘူး၊
ကျုပ်ကို သိလို့လား"

သူ့အမေးကို ထိုလူက ...

"မသိဘဲနေပါ့မလားဗျာ၊
ခင်ဗျားက ဒေါ်ခက်ရဲ့အပေါ်ထပ်မှာ
ငှားနေတဲ့ ကုန်သည်ပေါက်စလေး
မဟုတ်လားဗျ"

"ဟုတ်ပါတယ်၊ ဘာကိစ္စများ ရှိလို့လဲဗျ"

"ကျုပ်က ကိုအေးကိုပါ၊
သိချင်တာလေးရှိလို့ မေးချင်တာပါ၊
တခြားကြောင့် မဟုတ်ပါဘူး"

ကိုအေးကိုဆိုသူရဲ့အပြောကြောင့် အုပ်စိုး ဇဝေဇဝါ ဖြစ်
သွားတယ်။

"ကျွန်တော် အုပ်စိုးပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာမေးချင်လို့လဲ၊ အချိန်တော့
သိပ်မရဘူးနော်၊ ပဲကောက်ဖို့
ဝယ်လက်တွေနဲ့ ချိန်းထားလို့ဗျ"
"ဒီလိုပါဗျာ၊ ကျုပ်က အခု ...
ခင်ဗျားနေနေတဲ့ အနေအထားကို
သိချင်လို့ပါ၊ ဒေါ်ခက်အိမ်မှာနေတာ
အဆင်ရော်ပြေရဲ့လားဗျ"

ကိုအေးကိုဆိုသူရဲ့စကားကြောင့် အုပ်စိုး ကြောင်အမ်းသွားရတယ်။

"ဘယ်လို ... ကျုပ်က ဘာလို့
အဆင်မပြေရမှာလဲဗျ၊
အားလုံးအဆင်ပြေတယ်"
"အေးပါဗျာ ... ဒါဆိုလည်း ပြီးတာပါပဲ၊
ကျုပ်က ခင်ဗျားတို့အတွက် စိတ်ပူလို့ပါ၊
တကယ်တော့ ... အမှန်တိုင်းပြောရရင်



အဲဒီအိမ်မှာ ဒေါ်ခက်ရဲ့ယောက်ျား
ဦးကြွယ် မကျွတ်ဘူးဗျ"

အုပ်စိုးဟာ ကိုအေးကိုရဲ့စကားကြောင့် စိတ်ဝင်စားသွားတယ်။

"ဘယ်လို ... သူ့ယောက်ျားက မကျွတ်ဘူး၊
ဟုတ်လားဗျ"
"ခင်ဗျား စိတ်ဝင်စားသွားပြီ မဟုတ်လား၊
ဟုတ်တယ်ဗျ၊ ဒေါ်ခက်ရဲ့ယောက်ျားကြီးက
ဥစ္စာရှူးကြီးဗျ၊ သူသေပြီး ကောင်းမှုအမျိုးမျိုး
လုပ်ပေးတာတောင် မကျွတ်လွတ်ဘူးဗျ၊
ကျုပ်က သူ့ဆီက ငွေချေးထားမိတော့
ကျုပ်ကိုတောင် လာပြီး
ချောက်လှန့်သွားသေးတယ်၊ ကျုပ်တို့ရွာထိပ်က
ဆည်ကို တွေ့တယ်မဟုတ်လား၊
အဲဒီဆည်မှာပဲ ဆည်စောင့်နတ်စိမ်းဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကြီးမောင်နှမ ပူဇော်ပွဲနေ့မှာ ...

ဦးကြွယ် သေဆုံးခဲ့တာပဲဗျ၊

ဘာပဲဖြစ်ဖြစ် ... ခင်ဗျားတို့

သူ့အိမ်ပေါ်နေတဲ့လူတွေဆိုတော့

ကျုပ်က စိုးရိမ်လို့ သတိပေးတာပါ၊

ခင်ဗျားတို့မိသားစု အဆင်ပြေရင်

ပြီးတာပါပဲ၊ ကဲ ... ခင်ဗျားလည်း

အလုပ်ရှိသေးတော့ သွားပါ၊

ကျုပ်လည်း သွားပြီ၊

ဒါပေမဲ့ ... တစ္ဆေကြီးဦးကြွယ်က ...

ဆရာမနိုင် နှစ်ဆောင်ပြိုင်ကြီးနော်၊

ရွာက ဘုန်းကြီးတွေ ချွတ်တာတောင်

မရဘူး၊ သတိနဲ့နေပါ ကိုအုပ်စိုး ...

ဒါပါပဲဗျာ”

ကိုအေးကိုဆိုသူက ထိုသို့ပြောပြီး ထွက်သွားတယ်။



အုပ်စိုးတစ်ယောက် ရွာလမ်းမထက် ဘာလုပ်ရမှန်းမသိ အောင်ဖြစ်ပြီး ကျန်ရစ်ရှာတယ်။

“အင်း ... ငါ့မိန်းမဘက်က ...

ဟိုအဘွားသာရှိရင် သိပ်ကောင်းမှာပဲ၊

ခုတော့ ... ဒီအနေအထားနဲ့

ဘာလုပ်ရမှန်းကိုမသိဘူး၊

အဘွားရေ ... ကျွန်တော်တို့ကို ကယ်ပါဦး”

အုပ်စိုးတစ်ယောက် ထိုသို့တွေးမိရင်း ပဲကောက်ဖို့ ဆက်ထွက်ခဲ့မိတယ်။

ညနေ နေဝင်ရီတရောချိန်လောက်မှ အိမ်ကို သူပြန်ရောက်တယ်။

အိမ်ရောက်ရောက်ချင်း ဇနီးသည်က ...

“လုပ်ပါဦး အစ်ကိုရယ် ... သမီးလေးလေ၊

ကိုယ်တွေသိပ်ပူပြီး အဖျားကြီးနေတယ်၊

သိတာတော့ ဘာလုပ်ရမှန်းကို မသိတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဟင့် … ဟင့်”

“ဒီရွာမှာ ဆေးဆရာရှိတာပဲ သိတာရယ်၊

ခေါ်မပြဘူးလားကွာ”

“ပြပြီးပြီ အစ်ကိုရဲ့၊ သူတို့ဆေးက မတိုးဘူး၊

ခုဆို … သမီးလေးဟာ ကယောင်ကတမ်းတွေပဲ

ပြောနေတာ”

အုပ်စိုးလည်း သမီးလေးသိမ့်အတွက် စိတ်ပူပြီး အခန်းထဲ ဝင်ကြည့်လိုက်တယ်။

“ဟီး … ဟီး … ဟီး

မကျေနပ်ဘူး၊ လုံးဝမကျေနပ်ဘူးဟေ့၊

အားလုံးကို အရေခွံဆုတ်ပစ်မယ်၊

ဟီး … ဟီး … ဟီး … အင်း … အင်း”

သမီးငယ်ရဲ့ကယောင်ကတမ်းရေရွတ်သံကြောင့် သူ တစ်ကိုယ်လုံး ပူထူသွားမိတယ်။

ဒီအချိန်မှာပဲ …



“ကလေး သိပ်ဖျားနေတယ်ဆို၊

ဘယ်လိုဖြစ်တာလဲ လူလေးတို့ရယ်”

အပေါ်တက်ပြီး သတင်းမေးတဲ့ ဒေါ်ခက်။

အုပ်စိုးက ဒေါ်ခက်ကို စေ့စေ့ကြည့်ပြီး …

“ကျွန်တော့်သမီး ဘာဖြစ်နေသလဲဆိုတာ

အဒေါ် သိပါတယ်၊ မသိချင်ယောင်ဆောင်ပြီး

မမေးပါနဲ့ အဒေါ်”

လို့ ပြောလိုက်တယ်။

ဒေါ်ခက်တစ်ယောက် မျက်နှာကွက်ခနဲ ပျက်သွားရှာတယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၀)

"အစ်ကိုရယ် . . . ဒေါ်လေးကို ဘယ်လိုပြောလိုက်တာလဲ၊ ဒေါ်လေးက သမီးအတွက် စိတ်ပူပြီး လာမေးတာလေ၊ ဒေါ်လေးရယ် ... အစ်ကိုက သမီးကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပွထူပြီး ပြောမိတာပါ၊ စိတ်မရှိပါနဲ့နော်”

သီတာရဲ့အပြောကြောင့် ဒေါ်ခက်က ...

“ရပါတယ် သမီးရယ်၊ ဒေါ်လေး

နားလည်ပါတယ်၊ ကလေးက

အဖျားမကျတာ ကောင်းဘူးကွဲ့၊

မြို့တက်ပြီး ဒေါ်လေး ဆရာဝန်ပင့်ပေးပါ့မယ်၊

မကြည့်ရက်လို့ပါကွယ်”

ဒေါ်ခက်က ပြောဆိုရင်း အောက်ထပ်ပြန်ဆင်းသွား တယ်။

သူ့ရဲ့ကားစုတ်လေးနဲ့ ဒရိုင်ဘာကို ကျောက်ဆည်မြို့ ထဲက ဆရာဝန်သွားပင့်စေတယ်။

တစ်နာရီနီးပါးကြာတဲ့အခါ ဆရာဝန်ရောက်လာတယ်။

ဆရာဝန်က ကလေးငယ်ကို ကြည့်ရှုပြီးနောက် ဆေး တစ်လုံးထိုးပေးပြီး ...

“ကလေးက သာမန်ဖျားတာပါ၊



စိုးရိမ်စရာမရှိပေမယ့် သောက်ဆေးပါ

ပေးခဲ့ပါ့မယ်”

လို့ ပြောတယ်။

ဆရာဝန်ပြန်သွားတဲ့အခါ အုပ်စိုးက မှိန်းနေတဲ့သမီး ဖြစ်သူကို စိတ်မကောင်းစွာကြည့်ရင်း ...

“ကျွန်တော့်သမီးဟာ ရိုးရိုးဖျားတာ

မဟုတ်ဘူး၊ အစိမ်းနှောင့်လို့ဆိုတာ

ကျွန်တော် သိတယ်၊ အဒေါ် ကျွန်တော့်ကို

အမှန်အတိုင်း ပြောပြသင့်နေပြီ”

အုပ်စိုးရဲ့အပြောကြောင့် ဒေါ်ခက်တစ်ယောက် သက် ပြင်းသဲ့သဲ့ချလိုက်မိတယ်။

“အဒေါ် ပြောပြခဲ့ဖို့ ကြိုးစားပါသေးတယ်၊

ဘယ်လိုမှ ပြောမထွက်လို့ပါကွယ်၊

အမှန်တိုင်းပြောရရင် အဒေါ်ကိုယ်တိုင်

အဒေါ့်ယောကျ်ားကို ကြောက်လန့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း မနေရဲလို့

လူငှားတင်ရတာပါ၊

အဒေါ်ယောက်ျား ဦးကြွယ်ဟာ

ကျောက်ကြီးမောင်နှမ ပူဇော်ပွဲနေ့မှာ

ဆည်ထဲ ရေနစ်သေဆုံးခဲ့ရတယ်၊

သူ့အတွက် ကောင်းမှုအမျိုးမျိုး

လုပ်ပေးပေမယ့် သူဟာ

ဘယ်လိုမှ မကျွတ်လွတ်ခဲ့ပါဘူး၊

အဒေါ်ကိုယ်တိုင်လည်း သူ

ခြောက်လှန့်တဲ့ဒဏ်ကို ခံခဲ့ရတယ်၊

သူက ပစ္စည်းဥစ္စာကို သိပ်မက်မောတယ်ကွဲ့၊

ဒါ့ကြောင့်များ ဒီဘဝရောက်သလား

မသိပါဘူးကွယ်၊ သူ့ကို အေးချမ်းတဲ့ဘုံဘဝ

ရောက်စေချင်တယ်၊ ဒါပေမဲ့ ...

ဘယ်လိုလုပ်ပေးရမှန်းကို မသိတော့ဘူး၊



ဆရာတွေလည်း စုံနေပါပြီကွယ်"

ဒေါ်ခက်ရဲ့စကားတွေ နားထောင်ပြီးတဲ့အခါ သီတာက

"ဒီလိုကိစ္စတွေကြုံတော့ ကျွန်မစိတ်ထဲ

တစ်ယောက်ယောက်ကို သတိရမိတယ်၊

သူသာ ခုချိန်ရှိရင် ဒီကိစ္စကို

ဖြေရှင်းပေးနိုင်မှာ သေချာတယ်"

သီတာ့အပြောကြောင့် ဒေါ်ခက်ဟာ လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။

"သူက ဘယ်မှာနေလို့လဲ၊

အစွမ်းထက်တဲ့ ဆရာမျိုးရှိရင်

မတွေ့တွေ့အောင် ရှာချင်တယ်ကွယ်၊

သူ ဘယ်သူလဲဟင်"

"သူက ကျွန်မရဲ့အဒေါ်ဝမ်းကွဲ တော်စပ်ပါတယ်၊

သူ့နာမည်က ဒေါ်အိုစာပါ၊

သူဟာ ပယောဂအောက်လမ်းပညာရပ်ကို

www.burmeseclassic.com

www.burmeseclassic.com



နိုင်နင်းတဲ့ ဆရာမကြီးပါပဲ၊

သူ့ကိုရှာဖို့ မဖြစ်နိုင်ဘူး၊

ဘာကြောင့်လဲဆိုတော့ ... သူဟာ

မြန်မာပြည်အနှံ့ ခြေဦးတည့်ရာသွားပြီး

ကျင့်စဉ်တွေ ကျင့်ကြံနေသူမို့ပါ၊

ကျွန်မတို့တောင် သူနဲ့ မတွေ့ဖြစ်တာ

ခြောက်နှစ်ကျော်နေပါပြီ အဒေါ်"

သီတာ့စကားကြောင့် ဒေါ်ခက်တစ်ယောက် စိတ်ဓာတ်ကျသွားမိတယ်။

□ □ □

# အပိုင်း (၂၁)

www.burmeseclassic.com

www.burmeseclassic.com

## ထိုနေ့ညသန်းခေါင်ကျော်ချိန် ...

အိပ်ပျော်နေတဲ့သိမ့်တစ်ယောက် မျက်လုံးတွေ ဆတ်ခနဲ ပွင့်သွားတယ်။

အုပ်စိုးနဲ့သီတာတို့ကတော့ အိပ်မောကျနေရှာတယ်။



သိမ့်ဟာ အိပ်ရာထက်ကထပြီး မီးဖိုဆောင်ဘက် လျှောက်သွားတယ်။

သူမ ထမင်းအုပ်ဆောင်းကိုဆွဲဖွင့်ပြီး ပစ်ချလိုက်တယ်။

မနက်အတွက် မိခင်ချက်ပြုတ်ထားတဲ့ ငါးသလောက်ပေါင်းဟင်းပန်းကန်ကို လက်နှိုက်ပြီး အငမ်းမရ စားပစ်လိုက်တယ်။ အုပ်ဆောင်းပစ်ချသံကြောင့် ...

"အစ်ကို ... အစ်ကို ... ဘာသံလည်းမသိဘူး၊
ဟင် ... သမီးမရှိဘူး အစ်ကို"

လင်မယားနှစ်ယောက်လုံး အိပ်ခန်းထဲကထွက်ပြီး သမီးဖြစ်သူကို ရှာဖွေလိုက်တယ်။

မီးဖိုဆောင်ထဲ မြင်လိုက်ရတဲ့အဖြစ်ကြောင့် မျက်လုံးပြူးသွားကြတယ်။

"ဟင် ... သမီး ဟင်းတွေက လုံးထားရုံပဲ
လုပ်ထားတာ၊ မချက်ရသေးဘူးလေ၊
ဘာလို့စားနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သီတာက သမီးဖြစ်သူကို ပြေးဆွဲရင်း ပြောလိုက်တယ်။

သိမ့်က သူမရဲ့လက်က ဆောင့်ရုန်းလိုက်ရင်း ...

"ငါစားချင်တာ ငါစားတာ ဘာဖြစ်လဲ၊
ဟိုကောင် ... မင်းကို ငါ ဘာပြောထားလဲ၊
ခုထိ ငါ့အိမ်က မသွားဘူးလားကွ ... ကဲကွာ"

လို့ပြောပြီး အုပ်စိုးကို ဆောင့်တွန်းလိုက်တယ်။

ရုတ်တရက်အဖြစ်ကြောင့် အုပ်စိုးတစ်ယောက် နောက်ပြန်လဲကျသွားရတယ်။

"အမယ်လေး ... လာကြပါဦး၊
ကျွန်မသမီးလေး ဘာဖြစ်လဲမသိဘူး၊
လာကြပါဦးရှင့်"

မသီတာရဲ့အော်ဟစ်သံကြောင့် ခေါ်ခက်နဲ့ အိမ်နီးနားချင်းတွေ ရောက်လာကုန်တယ်။

ထိုအချိန် သိမ့်လေးဟာ မီးဖိုဆောင်မှာ ရှိသမျှပစ္စည်းတွေကို ဒေါသတကြီး ပစ်ပေါက်နေရှာတယ်။



လူတွေအားလုံး ဘာလုပ်ရမှန်းမသိအောင် ထိတ်လန့်နေကြသလို အုပ်စိုးက သမီးဖြစ်သူကို ထိန်းသိမ်းဖို့ ကြိုးစားလိုက်တယ်။

ဒါပေမဲ့ ... သိမ့်လေးဟာ သူ ထိန်းချုပ်လို့မရအောင်ကို သန်မာလွန်းနေတယ်။

"မကျေနပ်ဘူး ... လုံးဝမကျေနပ်ဘူးဟေ့၊
လုံးဝမကျေနပ်ဘူးကွ၊ ငါ သတိပေးပြီးသား၊
ဒါကို ပမာမခန့်နဲ့ ဆက်နေကြတယ်၊
နင်တို့ကလေးကို လိပ်ပြာနှုတ်ပစ်မယ် ...
ကြည့်ထားစမ်း"

ကလေးငယ်ဆီက ထွက်လာတဲ့အသံသြကြီးကြောင့် လူအားလုံးဟာ သိမ့်သရဲစီးနေတာ ယုံကြည့်သွားကြတယ်။

"မလုပ်ပါနဲ့ ... မလုပ်ပါနဲ့ ကိုကြွယ်ရယ်၊
မဆိုင်တဲ့ကလေးကို ဒုက္ခမပေးပါနဲ့၊
ရှင်မကြိုက်ရင် သူတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းခိုင်းလိုက်ပါ့မယ်၊ ဟင့် ... ဟင့် ...”

ဒေါ်ခက်က ရှိုက်ငိုရင်း တောင်းပန်လိုက်တယ်။

“ဟုတ်ပါတယ် ဦးကြွယ်၊

ကျွန်တော်တို့နေတာ မကြိုက်ရင်

ပြောင်းပေးပါ့မယ်၊

သမီးလေးကို အန္တရာယ်မပြုပါနဲ့ ...

ကတိပေးပါတယ်ဗျာ”

အိမ်ပေါ်ရှိလူအားလုံး ဦးကြွယ်ဝင်ပူးနေတဲ့ ကလေးငယ်သိမ့်ကို စိတ်လှုပ်ရှားစွာ ကြည့်နေကြတယ်။

ထိုအခိုက်မှာပဲ ...

“ဘယ်သူမှ ပြောင်းစရာမလိုဘူး၊

ဒီကိစ္စ ငါရှင်းမယ်ဟေ့”

လှေကားဆီမှအသံကြောင့် အားလုံးရဲ့အကြည့် ရောက်သွားတယ်။ အညိုရောင်ဝတ်စုံနဲ့ အဘွားအိုတစ်ဦး ...။

❒❒❒

# အပိုင်း (၂၂)

www.burmeseclassic.com

www.burmeseclassic.com

အသွားအိုက စူးရှတဲ့မျက်လုံးနဲ့ အားလုံးကို မျက်လုံးဝေ့ကြည့်လိုက်တယ်။

ပြီးတော့ အပေါ်ထပ် ဘုရားစင်ရှေ့ လျှောက်သွားတယ်။

မသီတာက အသွားအိုကိုကြည့်ရင်း ...



"ဟင် ... ဒေါ်လေး, ဒေါ်လေးအိုစာ

မဟုတ်လား၊ ဘယ်လိုလုပ်ပြီးတော့များ ..."

အသွားအိုက ဘုရားစင်အောက် တင်ပျဉ်ခွေထိုင်ရင်း...

"ဟုတ်တယ် သီတာ၊ ငါ ကျောက်ဆည်ရောက်တာ

နှစ်ရက်ရှိပြီ၊ ငါ့အာရုံထဲမှာ နင် ငါ့ကို

ခေါ်နေတာ မြင်နေရတယ်၊ ဒါ့ကြောင့် ...

နင်ရှိတဲ့နေရာကို အာရုံခံပြီး ရောက်လာတာပဲ၊

ကဲ ... အစိမ်းပူနေတဲ့ ကလေးမ၊

ငါ့နားလာစမ်းဟေ့"

ဒေါ်အိုစာရဲ့အပြောကြောင့် ကလေးငယ်ဟာ ဆတ်ခနဲ တုန်သွားတယ်။

ပြီးတော့ တုံ့နှေးနှေးအမူအရာနဲ့ လျှောက်သွားတယ်။

အိမ်ပေါ်ရှိလူအားလုံး သူမ,နောက်ကလိုက်ပြီး ဒေါ်အိုစာ ရှေ့ ထိုင်လိုက်ကြတယ်။

"ကဲ ... ကလေးမမှာ ကပ်နေတဲ့ အစိမ်းကောင်

www.burmeseclassic.com



ငါဆရာမ မယ်အိုစာ အမိန့်ပေးတယ်၊

ခုချက်ချင်း ကလေးရဲ့ကိုယ်ကခွာပြီး

သင့်တော်ရာ ပူးကပ်စမ်းဟေ့"

ဒေါ်အိုစာရဲ့အပြောကြောင့် လူအားလုံး လန့်ဖျပ်သွားကုန်တယ်။ ဒေါ်အိုစာက အားလုံးကို ဝေ့ကြည့်ပြီး ...

"မကြောက်ကြပါနဲ့ ... ကလေးက

လိပ်ပြာသိပ်နုတဲ့အတွက် ဒီလိုလုပ်ရတာပါ၊

ဘာမှမစိုးရိမ်ကြနဲ့"

လို့ အသံဝါဝါကြီးနဲ့ ပြောလိုက်တယ်။

ဒီအချိန်မှာပဲ မဂျမ်းတစ်ယောက် ထိုင်နေရာကနေ ဒေါ်အိုစာရှေ့ ဝုန်းခနဲ ခုန်သွားတယ်။

လူအားလုံး လန့်ပြီး နောက်ဆုတ်လိုက်ကြတယ်။

မဂျမ်းက အသံသြသြကြီးနဲ့ တဟီးဟီးငိုချတယ်။

"ပြောစမ်းဟေ့ ... ဘာလို့ငိုသလဲ၊

နင် ဘယ်သူလဲ၊ ခုနက ကလေးငယ်ကို



နှောင့်ယှက်တုန်းက ဒီပုံမဟုတ်ဘူး ...

ပြောစမ်း"

ဒေါ်အိုစာက ကြမ်းကို ဘုန်းခနဲရိုက်ပြီး မေးလိုက်တယ်။

"ဟီး ... ဟီး ... ဟီး ...

ကျုပ် ... ကျုပ်က ဦးကြွယ်ပါ၊

ဆည်ဘောင်မှာ အရက်ထိုင်သောက်ရင်း ...

ဆည်ထဲပြုတ်ကျပြီး သေဆုံးခဲ့ရပါတယ်၊

ကျုပ် ... ကျုပ် သူတို့ကို ခြောက်လှန့်တာ

မဟုတ်ပါဘူး၊

ကျုပ်အိမ်မှာ လူစိမ်းနေတာ မကြိုက်လို့၊

ပြီးတော့ ... ကျုပ်ပစ္စည်းတွေကို

သူများယူမှာစိုးလို့ လုပ်ရတာပါ၊

ကျုပ်လည်း ဒီဘဝမှာ မနေချင်တော့ပါဘူး၊

ကျွတ်လွတ်တဲ့ဘဝကို ရောက်ချင်ပါပြီဗျာ၊

ကျုပ်ကို ကယ်ပါဦးဗျာ ... ဟီးဟီးဟီး"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိုစာက မဂျမ်းရဲ့မျက်နှာကို စေ့စေ့ကြည့်ရင်း —

"ကောင်းပြီ ... နင့်ကို ဘဝကူးလို့ရအောင်

ငါလုပ်ပေးနိုင်တယ်၊

ပြောစမ်း ... နင် ဘာဖြစ်စေချင်သလဲ"

"ကျုပ်မသေခင်က အစွဲတွေကြောင့်

ခုလို မကျွတ်လွတ်တဲ့ တစ္ဆေကြီးဘဝ

ရောက်ခဲ့ရပါတယ်၊

ကျုပ်မသေခင် ကျောက်ကြီးမောင်နှမနန်းမှာ

ကျုပ်သမီးနဲ့ ပြန်တွေ့ရင် ပွဲကိုးပွဲလှူပါ့မယ်လို့

ကတိပြုထားမိပါတယ်၊

ကျုပ်မသေခင်ညကပဲ လှည်းပေါ်မှာ

ကျုပ်သမီးလေးကို ပြန်တွေ့ခဲ့ပါတယ်၊

ဒါ့ကြောင့် ... ကျောက်ကြီးမောင်နှမနန်းမှာ

ပွဲလှူပေးပါ၊ ပြီးတော့ ...

ကျုပ်တစ်သက်လုံး အပေါင်ခံပြီး



သိမ်းဆည်းခဲ့တဲ့ စာရွက်စာတမ်းတွေ၊

အဲဒါတွေဟာ ကျုပ်အိပ်ခဲ့တဲ့

ကွပ်ပျစ်ရဲ့အောက်မှာ ရှိနေပါတယ်၊

အဲဒီ့ထဲက မြေတချို့ကို

သာသနာ့မြေအဖြစ် ဆရာတော်တွေကို

လှူဒါန်းပြီး ကျုပ်အတွက်

ရေစက်ချ အမျှဝေပေးပါဗျာ၊

ဒါမှ ကျုပ်ဟာ ဘဝကူးကောင်းပြီး

လူပြန်ဝင်စားမှာမို့ပါဗျာ"

"ကောင်းပြီ၊ ငါ မယ်အိုစာ ကတိပေးတယ်၊

နင်ဖြစ်ချင်တာအားလုံး ငါလုပ်ပေးမယ်၊

အေး ... ဒါပေမဲ့ ခုချိန်ကစပြီး နင်ဟာ

လူတွေကို မခြောက်လှန့်ဘဲ ကိုယ့်နေရာနဲ့ကိုယ်

နေရမယ်၊ ငါပြောတာ ကြားသလားဟေ့"

မဂျမ်းက လက်အုပ်ချီလျက် အမူအရာနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"ကြား ... ကြားပါတယ်ဗျာ၊
ကျုပ် ဘယ်သူ့မှ မနှောင့်ယှက်တော့ပါဘူး၊
ကတိပေးပါတယ်ဗျာ"
"အေး ... ဒါဆို နင်လုပ်ထားတဲ့
အမှောင့်အားလုံးကို ပြန်ယူပြီး
သွားပေတော့"
ဒေါ်အိုစာရဲ့စကားဆုံးတဲ့အခါ မဂျမ်းတစ်ယောက် တစ်
ကိုယ်လုံး ဆတ်ဆတ်တုန်သွားပြီး ပျော့ခွေကျသွားရှာတယ်။
"ဟဲ့ မဂျမ်း ... မဂျမ်း ... သတိထားစမ်း"
ရွာသူတချို့က သူမကို လှုပ်ယမ်းခေါ်လိုက်တယ်။
ဒေါ်အိုစာက လွယ်အိတ်ထဲက ရေဘူးထုတ်ပြီး မဂျမ်းရဲ့
မျက်နှာဆီ ပက်ဖျန်းလိုက်တယ်။
ဒီအခါမှ မဂျမ်းတစ်ယောက် အသိပြန်ဝင်လာတယ်။
"ကျေးဇူးတင်လိုက်တာ ဆရာမကြီးရယ်၊
ကျွန်မယောက်ျားကို တစ္ဆေဘဝကနေ



ခုလို ကျွတ်တမ်းဝင်အောင် လုပ်ပေးတဲ့အတွက်
ကျေးဇူးတင်လိုက်တာရှင်"
ဒေါ်ခက်ရဲ့အပြောကြောင့် ဒေါ်အိုစာက လက်ကာပြပြီး
"ကျုပ်က ကိုယ့်အလုပ်ကိုယ် လုပ်ပေးတာပါ၊
ဘာကျေးဇူးမှမလိုဘူး၊ အမိက
သူဖြစ်စေချင်တာတွေ လုပ်ပေးဖို့ပါပဲ"
လို့ ပြတ်သားစွာ ပြောလိုက်တယ်။
"စိတ်ချပါရှင် ... ကျွန်မ အားလုံး
လုပ်ပေးပါ့မယ်၊ ကြားပါတယ်ရှင်
သူပြောတဲ့အတိုင်း ခုပဲ စလုပ်ရမယ်"
ဒေါ်ခက်က ထိုင်ရာကထပြီး အိပ်ခန်းထဲဝင်သွားတယ်။
လူတွေလည်း သူ့နောက်က လိုက်ဝင်သွားကြတယ်။
အိပ်ရာကွပ်ပျစ်ကိုခွာဖို့ ကြိုးစားနေတဲ့ ဒေါ်ခက်ကြောင့်
"ဟင် ... ကျုပ်တို့အိပ်တဲ့ကွပ်ပျစ်က ...
ဦးကြွယ်အိပ်ခဲ့တာလား"

www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးရဲ့အမေးကြောင့် ...

"ဟုတ်ပါတယ် လူလေး၊

ဒီအခန်းက ကိုကြွယ်ရဲ့အခန်းပါ၊

ဒီကွပ်ပျစ်ပေါ်မှာပဲ သူ မသေခင်ချိန်ထိ

အိပ်သွားတာပါကွယ်"

"ဪ ... ဒါ့ကြောင့် ကျွန်တော်တို့ကို

အိပ်ရာပေါ်မှာ မအိပ်စေချင်တာကိုး၊

သူဖွက်ထားတာတွေ သူစိမ်းလက်ရောက်မှာ

စိုးရိမ်နေပုံရတယ်"

ဒေါ်ခက်က သံပြုတ်နေတဲ့ ပျဉ်ချပ်ငယ်ကို ဆွဲခွာပြီး လက်နှိုက်လိုက်တယ်။

ဒေါ်ခက်ရဲ့လက်ထဲမှာတော့ ပလတ်စတစ်နဲ့ထုပ်ထ တဲ့ စာရွက်တွေပါလာတယ်။

စာရွက်ထုပ်ကိုဖြေကြည့်တဲ့အခါ စာရွက်စာတမ်းလေ အတူ ကတ္တီပါဘူးငယ်လေးကိုပါ တွေ့လိုက်ရတယ်။



ဒေါ်ခက်က ဘူးကိုဖွင့်ကြည့်ပြီး ...

"ဟင် ... ဒါ ... ဟိုးလွန်ခဲ့တဲ့ငါးနှစ်လောက်က

အထည်ကြီးပျက် တရုတ်ကြီးတစ်ယောက်

အောက်ဈေးနဲ့ရောင်းသွားတဲ့ ရှေးစိန်တွေပဲ၊

ငါတောင် ဒီစိန်တွေကို မေ့နေတာ၊

ဪ ... ကိုရင်ကြွယ် ... ကိုရင်ကြွယ်

တန်ဖိုးအရှိဆုံး ပစ္စည်းတွေကို

သေသေချာချာကို သိမ်းခဲ့တာပါလား၊

စိတ်ချပါ ကိုရင်ရယ် ... တော့်ဆန္ဒအတိုင်း

အားလုံးဖြည့်ဆည်းပေးပါ့မယ် ... ဟင့်ဟင့်"

ဒေါ်ခက်တစ်ယောက် ယောကျ်ားဖြစ်သူထားရစ်ခဲ့တဲ့ စ္စည်းတွေကိုကြည့်ပြီး ...

စိတ်မကောင်းစွာနဲ့ ရှိုက်ကြီးတငင် ငိုကြွေးလိုက်တော့ ယ်။

❒❒❒

www.burmeseclassic.com

# အပိုင်း (၂၃)

ထို့နောက်မှာတော့ ဒေါ်အိုစာဦးဆောင်ပြီး ကျောက်ကြီးမောင်နှမ (တဖြစ်လဲ) ကိုးသိန်းရှင်နဲ့ဆည်တော် သခင်မနန်းမှာ ပွဲကိုးပွဲပေးလှူခဲ့ကြတယ်။

ပြီးတဲ့အခါ ကျောက်ဆည်မြို့ပေါ်ရှိ ဘုန်းကြီးကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်းကို သွားရောက်ကြတယ်။

ကျောင်းထိုင်ဆရာတော်ကြီးအား အကျိုးကြောင်း လျှောက်တင်ပြီးနောက် ဒေါ်ခက်က ...

"အကြောင်းစုံကတော့ ဒါပါပဲဘုရား၊
တပည့်တော်မ,လှူတဲ့ ဟောဒီမြေစာချုပ်ကို
လက်ခံပေးတော်မူပါဘုရား၊
ဒါတင်မက ကျောင်းမြေအတွက်
လှူလိုက်တဲ့ မြေပေါ်မှာ တိုက်ကျောင်းကိုပါ
ဆောက်လုပ်လှူဒါန်းပါ့မယ်ဘုရား၊
ဒါဟာ တပည့်တော်မရဲ့ သွားလေသူ
ခင်ပွန်းသည်ကြီး ဘဝကူးကောင်းဖို့
ရည်ရွယ်ပါတယ် ဘုရား"
လို့ လျှောက်တင်လိုက်တယ်။

ဒီနောက်မှာတော့ ဆရာတော်ကြီးက ဒေါ်ခက်ရဲ့အလှူကို လက်ခံတော်မူပြီး စွဲလမ်းခြင်းတရားတော်ကို မိန့်ကြားပြီး



ရေစက်ချ အမျှဝေစေတယ်။

သာဓုသုံးကြိမ်ခေါ်ပြီးချိန်မှာတော့ ဒေါ်ခက်ရဲ့စိတ်ထဲ ပေါ့ပါးလန်းဆန်းသွားသလို ခံစားလိုက်ရတယ်။

ဘုန်းတော်ကြီးကျောင်းက ပြန်ထွက်လာတဲ့အခါ ဒေါ်အိုစာက ...

"ကဲ ... အားလုံးပြီးပြီဆိုတော့ ...
ကျုပ်အလုပ်မရှိတော့ဘူး၊
ဒီနေရာကပဲ လမ်းခွဲကြမယ်"
လို့ ပြောလိုက်တဲ့အခါ သီတာက ...
"ဒေါ်လေးရယ် ရွာရောက်ခိုက်
အေးဆေးနားပြီးမှ ပြန်ပါလား၊
ကျွန်မဖြင့် ဒေါ်လေးနဲ့ စကားတောင်
သေချာမပြောရသေးဘူး"
လို့ ပြောလိုက်တယ်။
"ဟုတ်ပါတယ် ဆရာမကြီးရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဖြင့် ဆရာမကြီးကို ကျေးဇူးတောင်
မဆပ်ရသေးဘူး၊ ကျေးဇူးတင်လွန်းလို့လည်း
ဘယ်လိုပြောရမှန်း မသိတော့ပါဘူးရှင်၊
ဪ ... ဒါလေးကို လက်ခံပေးပါနော်၊
ပြီးတော့ ရွာလိုက်ပြီး နားနားနေနေနေပါဦးရှင့်”

ဒေါ်ခက်က ငွေစက္ကူတစ်ထပ်ကို တရိုတသေကမ်းပေးလိုက်တယ်။

“ကျုပ်အတွက် ပညာကြေးမလိုဘူး၊
ကျုပ်အတွက် အလုပ်ပဲလိုတယ်၊
ဒီနေရာမှာအလုပ်ပြီးရင် ဘယ်လိုအကြောင်းနဲ့မှ
နေဖို့မလိုတော့ဘူး၊ ကျုပ်က နေရာအနှံ့လှည့်ပြီး
လူနဲ့ပရလောကသ[illegible]ဘွကို ကယ်တင်တယ်၊
ဒါ ... ကျုပ်အလုပ်ပဲ၊ မနှောင့်ယှက်ကြပါနဲ့၊
သွားခွင့်ပြုပါ”

ဒေါ်အိုစာက ထိုသို့ဆိုရင်း သူတို့အားလုံးကို ကျောခိုင်းလိုက်တယ်။



ဒေါ်ခက်၊ အုပ်စိုးနဲ့သီတာတို့က ဒေါ်အိုစာရဲ့ကျောပြင်ကို ငေးကြည့်နေမိကြတယ်။

ဒေါ်အိုစာက ခြေသုံးလှမ်းမျှ လှမ်းပြီး နောက်လှည့်ကြည့်တယ်။

ဒေါ်ခက်ရဲ့မျက်နှာကို စေ့စေ့ကြည့်ပြီး လက်ညှိုးထိုးပြောလိုက်တယ်။

“ရှင့်ယောက်ျားဟာ ရှင်တို့ဆီ
ပြန်လာလိမ့်မယ်”

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၄)

## အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး (၁)

နှစ်မျှ ကြာသောအခါ ...

တိုက်နယ်ဆေးရုံလေးထဲကို နတ်ဝတ်နတ်စားနဲ့ လူတစ်ယောက် အသည်းအသန် ပြေးလွှားဝင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရှိဝန်ထမ်းနဲ့သူနာပြုတွေဟာ ထိုလူကို အထူးအဆန်းသဖွယ် ကြည့်ရှုနေကြတယ်။

ထိုလူက သားဖွားခန်းရှိရာ ပြေးသွားပြီး ...

“အမေ ... အမေ ... အခြေအနေ
ဘယ်လိုလဲဟင်၊ စိုးရိမ်ရလား၊
ပြောပါဦး အမေရဲ့”

လို့ စိတ်လှုပ်ရှားစွာ မေးလိုက်တယ်။

အဘွားအို ဘာမှပြန်မပြောမီဘဲ မွေးခန်းတံခါးပွင့်လာတယ်။

“မပိုးအိမ်ရဲ့အိမ်သားတွေ ရှိပါသလားရှင့်၊
မပိုးအိမ် ယောကျ်ားလေးမွေးပါတယ်၊
ဝင်တွေ့လို့ရပါပြီ”

သူနာပြုရဲ့စကားဆုံးတဲ့အခါ အဘွားအိုနဲ့ထိုလူဟာ သားဖွားခန်းထဲ အပြေးတစ်ပိုင်း ဝင်သွားကြတယ်။

“ဘယ်လိုနေလဲဟင် ပိုး ... အဆင်ပြေရဲ့လား၊



ကိုယ့်မှာ ပိုးဆေးရုံတင်တဲ့သတင်း
ကြားကြားချင်း ပြေးလာတာကွ၊
ဟဲဟဲ ... ကနားပွဲက အဝတ်တွေတောင်
မလဲခဲ့ရဘူး၊ ဟော ... ကြည့်ပါဦး
ကိုယ်တို့သားလေးက ... နီတာရဲလေးနဲ့
ချစ်စရာကြီးကွ၊ ဖအေတူသားမို့
ချောမှာသေချာတယ်နော် ပိုး”

ကနားစီးမာမီရှိန် (တဖြစ်လဲ) မင်းကိုကိုရဲ့စကားကြောင့် ပိုးအိမ်ဟာ ပြုံးလိုက်မိတယ်။

ဒေါ်ခက်က ကလေးငယ်ကို ပွေ့ချီလိုက်ပြီး တအံ့တသြနဲ့ ...

“ဟယ် ... သမီးရေ ဒေါ်အိုစာနောက်ဆုံး
ပြောခဲ့တာ မှန်နေပြီဟဲ့၊ ဒီမှာကြည့်ပါဦး၊
ဒါ ... ဒါ ... ညည်းအဖေ ဦးကြွယ်
ဝင်စားတာပဲအေ့၊ ကြည့်စမ်းပါဦးအေ ...

www.burmeseclassic.com



နားထင်မှာ အမှတ်လေးနဲ့၊

ဒီအမှတ်ဟာ သူ့အလောင်း မြေမချခင်တုန်းက

အမေကိုယ်တိုင် မှတ်ပေးခဲ့တဲ့ အမှတ်လေးပဲ၊

အောင်မယ်လေး ကိုရင်ကြွယ်ရယ် ...

တော် ကျုပ်တို့သားအမိဆီ တကယ်ပြန်လာပြီပေါ့၊

BURMESE CLASSIC

ဝမ်းသာလိုက်တာ ကိုရင်ရယ်၊

တော်ကြီးပြန်လာတဲ့ အထိမ်းအမှတ်အနေနဲ့

တော်ကြီးယုံကြည်တဲ့ အဖကိုးသိန်းရှင်

ကျောက်ကြီးမောင်နှမအတွက် ...

ပွဲကိုးပွဲ သွားပေးရဦးမယ်တော့”

လို့ မျက်ရည်စို့သံကြီးနဲ့ ရေရွတ်လိုက်တယ်။

မင်းကိုကိုက ဒေါ်ခက်လက်က ကလေးငယ်ကို ဆွဲယူ

ပွေ့ချီရင်း ...

“ဘယ်က အမေ့ယောက်ျားရမှာလဲဗျ၊

ကျွန်တော့်ကလေး၊ ကျွန်တော့်လို



ဖြူဖြူလေး မတွေ့ဘူးလားဗျ၊

ကျွန်တော်နဲ့တူတဲ့ အဖေတူသားဗျ”

မင်းကိုကိုရဲ့ကျီစယ်မှုကို ဒေါ်ခက်က အားကျမခံ ...

“ဟဲ့ ... ငါ့ယောကျ်ား နှင့်ယောက္ခထီးနဲ့

တူတာဟဲ့၊ နှာခေါင်းကိုကြည့် ...

ကိုရင်ကြွယ့်နှာခေါင်းဟဲ့”

လို့ ပြန်ပြောတယ်။

ယောက္ခမနဲ့သမက် အပြန်အလှန် စကားစစ်ထိုးနေ

တာကြောင့် မပိုးအိမ်က ...

“အမေရော အစ်ကိုပါ မှားတယ်၊

ဒါက ပိုးကိုယ်တိုင် ဗိုက်ထဲက

မွေးထားတဲ့ ကလေးရှင့်၊

ဘယ်သူနဲ့မှ မတူပါဘူး၊

ပိုးနဲ့ပဲ တူတာပါနော်”

လို့ ဝင်ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှ ဒေါ်ခက်နဲ့ မင်းကိုကိုဟာ စကားစစ်ရပ်ပြီး ပျော်ရွှင်စွာ ရယ်မောလိုက်ကြတော့တယ်။

တိုက်နယ်ဆေးရုံလေးရဲ့ သားဖွားခန်းလေးအတွင်းမှာတော့ ဒေါ်ခက်ကို့မိသားစုရဲ့ရယ်မောသံတွေက ကြားရသူအပေါင်း ကြည်နူးဖွယ်အတိပင် ...။

BURMESE CLASSIC

❐ ❐ ❐

"ကျောက်ကြီးမောင်နှမ"

မအိုစာ

(မအိုစာနှင့်ဆက်သွယ်လိုပါက maosar99@gmail.com)

www.burmeseclassic.com